# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၇ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၆)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို
# စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၆/၂၀၁၀)

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

**လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်ကြောင်း ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက်နှင့် အမည်စာရင်း နောက်ဆုံးတင်သွင်းရမည့် နေ့ရက်များကို ကြေညာချက်အမှတ် (၉၀/၂၀၁၀)ဖြင့် သတ်မှတ်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသော နေ့ရက်များအတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ရုံးဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် အမည်စာရင်း တင်သွင်းရာတွင် ဆောင်ရွက်ရမည့် တရားသူကြီးရှေ့မှောက်တွင် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတရားရုံးအသီးသီးကိုလည်း စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် သတ်မှတ်ရုံးချိန်အတွင်း ရုံးဖွင့်လှစ်ဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ အလားတူ လွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ခွင့်မှတ်ပုံတင်ကြေး ပေးသွင်းနိုင်ရန်အတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင်အဆင့် မြန်မာ့စီးပွားရေးဘဏ်များကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် သတ်မှတ်ရုံးချိန်အတွင်း ဖွင့်လှစ်ဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၅။ သို့ပါ၍ အမည်စာရင်းတင်သွင်းကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်သည့် သတ်မှတ်ကာလအတွင်း စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့
# ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် "ဝ" ဒီမိုကရက်တစ်ပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီနှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ Rakhine Nationalitics Development Party (RNDP)တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

**(တင်ပြ)**

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၀)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာရှိ ပေါင်းစည်းလယ်ယာငါးမွေးမြူရေးကန်ကို တွေ့ရစဉ်။

# ပေါင်းစည်းလယ်ယာအကျိုး တောင်သူများ ထာဝရဝင်ငွေတိုး

➤ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်) ➤

ရန်ကုန် ဩဂုတ် ၂၆

ယခုအခါ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးစနစ်ကို မြို့နယ်အတော်များများတွင် ကျင့်သုံးနေကြပြီဖြစ်သည်။ တိရစ္ဆာန်များမွေးမြူပြီး ၄င်းတို့၏ စွန့်ပစ်ပစ္စည်းများနှင့် သီးနှံစိုက်ပျိုးပြီး သီးနှံအကြွင်းအကျန်များကို သဘာဝမြေသြဇာအဖြစ် အသုံးပြုခြင်းဖြင့် မြေဆီလွှာအရည်အသွေး ရေရှည်တည်တံ့အောင် ထိန်းသိမ်းပေးနိုင်သည့် စိုက်ပျိုးရေးစနစ်ပင်ဖြစ်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၃ ✻*

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၇ ရက်)

## စည်းကမ်းဟူက အစဉ်လိုက်နာ မြတ်သောမင်္ဂလာ

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းရှိသောသူသည် တိုးတက်၏။ စည်းကမ်းလိုက်နာသောသူသည် ဘေးအန္တရာယ်ကင်း၏။ လူတစ်ဦးချင်းစီတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင်လည်းကောင်း၊ ဌာနအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ နောက်ဆုံး နိုင်ငံအလိုက်သော်လည်းကောင်း ၎င်းတို့နှင့် လိုက်လျောညီထွေသည့်၊ လိုက်နာကျင့်သုံးအပ်သည့်စည်းကမ်း ထားရှိကြသည်။ ရေမကို ရောက်လျှင် ရေမစည်းကမ်းကို လိုက်နာရမည်ဟု ဆိုစကားရှိသည်။ ထိုစကား၏ အဓိပ္ပာယ်သည်ကား လေးနက်ပေ၏။ သူ့နေရာ၊ သူ့ဒေသ၊ သူ့နိုင်ငံ၏ စည်းကမ်းကို လိုက်နာရမည်ဟူ၍ ဖြစ်သည်။

အိမ်တွင် အိမ်စည်းကမ်း၊ ကျောင်းတွင် ကျောင်းစည်းကမ်း၊ ရုံးတွင် ရုံးစည်းကမ်း၊ လမ်းတွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းစသည်ဖြင့် နေရာဌာနအလိုက် သတ်မှတ်ချက်များရှိသည်။

စည်းကမ်းကို ငယ်စဉ်အခါမှစ၍ လိုက်နာကျင့်သုံးရသောသူသည် ဝန်ထုပ်ဝန်ပိုးမဖြစ်၊ စည်းစနစ်မရှိ နေလာခဲ့သူသည် သတ်မှတ်စည်းကမ်းကို လိုက်နာဆောင်ရွက်ရန် ဝန်ထုပ်ဝန်ပိုးတစ်ခုသဖွယ် ဖြစ်နေတတ်သည်။

ကျောင်းတွင် ကျောင်းစည်းကမ်းကို တိကျစွာလိုက်နာသော ကျောင်းသားအတွက် စနစ်တကျ စာဖတ်ခြင်း၊ မှတ်သားခြင်း၊ ကျက်မှတ်ခြင်းများကို နေ့စဉ်ပြုလုပ်သွားလျှင် စာမေးပွဲ၌ အခက်အခဲမရှိ အောင်မြင်မှုရနိုင်သည်။

လမ်းပေါ်တွင် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ယာဉ်မောင်းသူများနှင့် လမ်းကူးသူများ တိကျစွာ လိုက်နာဆောင်ရွက်သွားကြပါက ယာဉ်အန္တရာယ်ကင်းပြီး လိုရာခရီးသို့ ရောက်နိုင်မည်ဖြစ်သည်။

လူမှုအသိုင်းအဝိုင်း၌ နေ့စဉ်ဆောင်ရွက်နေကြသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စည်းကမ်းနှင့်အညီ ပြုမူကျင့်ကြံ နေထိုင်ဆောင်ရွက်သွားကြပါက နိုင်ငံကြီးသားတစ်ဦးအဖြစ် တန်ဖိုးရှိသော လူနေမှုအဆင့်အတန်းကို ရရှိမည်ဖြစ်သည်။

ဤနေရာတွင် စည်းကမ်းနှင့်ပတ်သက်၍ အချို့သည် သူတစ်ပါးစည်းကမ်းမဲ့ခြင်း၊ စည်းကမ်းပျက်ခြင်းကို ယိုးမယ်ဖွဲ့ပြောဆိုနေတတ်ကြ၊ ကဲ့ရဲ့နေတတ်ကြရာ အမှန်မှာ သတ်မှတ်စည်းကမ်းများကို မိမိကိုယ်တိုင် လိုက်နာကျင့်သုံးဖို့ မေ့နေတတ်ကြသည်။ မိမိကိုယ်တိုင် စည်းကမ်းလိုက်နာကျင့်ကြံနေထိုင်ပါမှ မိမိ မိသားစု၊ မိမိဒေသ၊ မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။ သူတစ်ပါးအပေါ် ယိုးမယ်ဖွဲ့ ပြောဆိုနေခြင်းထက် မိမိကိုယ်ကို စည်းကမ်းကောင်းအောင်၊ စည်းကမ်းဘောင်အတွင်း နေထိုင်တတ်အောင် လေ့ကျင့်လိုက်နာ နေထိုင်ခြင်းသည်သာ "မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ"ဟူသည့် စကားနှင့်အညီ မြတ်သောမင်္ဂလာမည်ပါကြောင်း ဖော်ညွှန်းရေးသား လိုက်ရပါသည်။ ။

# ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဓာတ်ခွဲခန်းဆိုင်ရာပစ္စည်းများ အသုံးချခြင်း ဆွေးနွေးပွဲ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်

ရန်ကုန် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပသော ဓာတ်ခွဲခန်းဆိုင်ရာ အဆင့်မြင့်စက်ကိရိယာပစ္စည်း အသုံးချခြင်း ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ စမ်းသပ်ထုတ်လုပ်သုံးစွဲလျက်ရှိသော ကြက်ဥမှ မြွေပွေးဆိပ်ဖြေဆေး ထုတ်လုပ်သည့် အဆင့်မြင့် စက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျွမ်းကျင်သူ အင်ဂျင်နီယာတစ်ဦးက အင်တာနက်ကွန်ရက်စနစ်သုံး စက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းစနစ်တီထွင်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### တံတားတည်ဆောက်

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် အောင်ပန်းကုန်း ကျေးလက်တံတား တည်ဆောက်မှုအခြေအနေကို ဩဂုတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကွင်းဆင်းကြပ်မတ်စဉ်။

(မြို့နယ်စည်ပင်)





## မြန်မာ့တိုင်းရင်း ကြက်နှင့်ဝက်မွေးမြူရေး မွမ်းမံသင်တန်း သံဖြူဇရပ်မြို့၌ ဖွင့်လှစ်

သံဖြူဇရပ် ဩဂုတ် ၂၆

မြန်မာ့တိုင်းရင်း ကြက်မွေးမြူရေးနှင့် ဝက်မွေးမြူရေးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ဩဂုတ် ၂၃ရက် နံနက်ကကျင်းပရာ သင်တန်းဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မွေး/ကုဦးစီးအရာရှိ ဒေါက်တာတင်ဌေးနှင့် ဝေါလ်ဗီးရှင်း မြန်မာအဖွဲ့မှ ကိုယ်စားလှယ် ဦးမျိုးပိုင်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)** **(မြို့နယ် မွေး/ကု ဦးစီးဌာန)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ ကျောက်တန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ရက် မွန်းလွဲ ၁နာရီက အလက(မြို့မ) ရွှေသံလွင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားတွင် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဌာနစုမှ ရဲအုပ်မောင်မောင်မြင့်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ စက်ဘီးစီးသူများ၊ ခြေကျင်လျှောက်သူများ၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားရာ **(အပေါ်ပုံ)** ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၁၀ (သောကြာနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်၊ |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | ဆရာတော်ဘဒ္ဒန္တနာရဒ ဟောကြားတော်မူသော တရားတော် |
| ၆း၄၅ | ဖူးမည်အမှန်… ထူးမည်ဧကန်… မာရ်ငါးမာရ် |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၀) |
| ၈း၃၅ | 7 Golden Girls Live Show (Part-5) |
| ၉း၂၅ | Activities in the City ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ |
| ၉း၄၀ | Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၁) |
| ၁၀း၃၀ | ကုသိုလ်ယူဆင်ကာနွဲ့… မော်ကျွန်းမြို့ရဲ့အလှူပွဲ |
| ၁၀း၄၀ | လွယ်ကူမြန်ဆန်စေရာ…စံမြန်မာ |
| ၁၁း၀၀ | သာသနာ့အမွေခံရုပ်ဝန်း |
| ၁၁း၁၀ | မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲ (၂/၂၀၁၀) |
| ၁၁း၃၀ | MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ) |
| ၁၁း၅၅ | ကြိုးစားကာတင်ဆက်ချင် ရွှေမြန်မာ တိမ်ကြားမိုး နှစ်ပါးခွင် |
| ၁၂း၁၀ | Say it in English |
| ၁၂း၃၀ | ဖူးစို့ဘုရားစုံ မြို့ဖျာပုံ |
| ၁၂း၃၅ | Activities in the City ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ |
| ၁၂း၅၀ | ကုသိုလ်ယူဆင်ကာနွဲ့… မော်ကျွန်းမြို့ရဲ့အလှူပွဲ |
| ၁း၀၀ | ဆရာတော်ဘဒ္ဒန္တနာရဒ ဟောကြားတော်မူသော တရားတော် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၃း၂၀ | သာသနာ့အမွေခံရုပ်ဝန်း |
| ၃း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၀) |
| ၄း၁၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၄း၃၅ | လွယ်ကူမြန်ဆန်စေရာ…စံမြန်မာ |
| ၄း၅၅ | မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲ (၂/၂၀၁၀) |
| ၅း၁၅ | Shooting Making **ဖမ်းစားသည်** ဇာတ်ကားရိုက်ကွင်း |
| ၅း၃၅ | MNL Preview |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | FMF Selection |
| ၆း၄၅ | ဖက်ရှင်လမ်းညွှန် ဆန်းသစ်တီထွင် ပိတ်စပတ်ဖက်ရှင် |
| ၆း၅၅ | 7 Golden Girls Live Show (Part-6) |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Photo City ဓာတ်ပုံပြပွဲ) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | VJ Choice |
| ၉း၀၀ | သူတို့ပြောတဲ့ သူတို့အကြောင်း (ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၀) |
| ၁၀း၀၀ | ကြိုးစားကာတင်ဆက်ချင် ရွှေမြန်မာ တိမ်ကြားမိုး နှစ်ပါးခွင် |
| ၁၀း၁၅ | Shooting Making **ဖမ်းစားသည်** ဇာတ်ကားရိုက်ကွင်း |
| ၁၀း၃၀ | Sports World |
| ၁၀း၅၅ | MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ) |
| ၁၁း၂၀ | ရန်ကုန်မြင်ကွင်းကျယ် (Photo City ဓာတ်ပုံပြပွဲ) |
| ၁၁း၃၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၅၀ | အမြင့်သဘင်၏ ရုပ်သေးသမ္ဘင် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း) |
| ၁၂း၁၀ | **နှောင်းနှောင်းတ** ထက်ထက်၊ ဆောင်းအိန္ဒြေထွန်း၊ ဒေါ်တင်တင်လှ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)] |
| ၁၂း၁၅ | အထူးဇီဝတွင်းထွက်ရတနာ |
| ၁၂း၂၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



# လားရှိုးမြို့နယ်၌ နမ့်ကျန်ရေလှောင်တမံဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာ၌ကျင်းပသော နမ့်ကျန်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ်တပ်ရင်း/တပ်ဖွဲ့မှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နမ့်ကျန်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က နမ့်ကျန်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးက ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေလှောင်တမံ တည်ဆောက်ထားရှိမှုနှင့် တမံအတွင်း ရေရောက်ရှိမှုအခြေအနေများ၊ ရေလှောင်တမံမှ ရေကန်တောင် ရေပေးဝေရေးစီမံကိန်းသို့ ရေပိုက်လိုင်း သွယ်တန်းထားရှိမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၈-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ အကပြိုင်ပွဲ
၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၂၀ ၇။ လူကူးမျဉ်းကျားမှကူးမယ်
၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ **"အား---နာတယ်"**
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၅း၁၅ ၇။ ကဏ္ဍစုံလင် အားကစား အစီအစဉ်
၅း၃၅ ၈။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၉)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ တို့လက်တွေ့တွဲထား *M* ဆိုင်း၊ (တေးရေး-စိုးသီဟ) (ရောင်စဉ်လှိုင်း)
၁၇။ လျှပ်တစ်ပြက်ဟာသများ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၁၆)
၁၉။ သီချင်းချစ်သူ (Bambino)
၂၀။ အစီအစဉ်ပြီး၏။

# ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး

## ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၅ရက် ည ၇နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**



**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။** (ဆောက်လုပ်ရေး)

အဆိုပါ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီ ငါးခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လိုက်နာဆောင်ရွက်**

အစီအစဉ်အရ ဝန်ကြီးဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် B.O.T ဆောင်ရွက်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စာချုပ်ပါ အချက်အလက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီ ငါးခုကိုယ်စား လီဒိုဟိုင်းဝေး ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မက်စ်မြန်မာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ၊ လီဒိုဟိုင်းဝေးကုမ္ပဏီဥက္ကဋ္ဌ၊ ထွန်းညီလူ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ၊ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် ဆုထူးပန်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာတို့က လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေးအတွက် စာချုပ်များတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံ**

ထို့နောက် ဝန်ကြီး၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များသည် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီ ငါးခုတို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ပြုပြင်ဖောက်လုပ်**

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်ကြသည့် မက်စ်မြန်မာကုမ္ပဏီက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းများဖြစ်သည့် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၇)၊ မြို့ပတ်လမ်းနှင့် ထောက်ကြန့်မြို့ရောင်လမ်း စုစုပေါင်း ၃၇မိုင် ၅ဖာလုံ၊ လီဒိုဟိုင်းဝေးကုမ္ပဏီက မြစ်ကြီးနား-ပန်ဆောက်-လီဒိုလမ်း၏ မြစ်ကြီးနား-တနိုင်းအပိုင်း ၁၁၉မိုင် ၄ဖာလုံ၊ ထွန်းညီလူ ဆောက်လုပ်ရေးကုမ္ပဏီက ချောင်းဦး-ပခုက္ကူလမ်း ၃၈မိုင် ၁ဖာလုံ၊ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီက ဘားအံ-ကော့ကရိတ်-မြဝတီလမ်း မိုင် ၁၁၀ ၂ဖာလုံနှင့် ဆုထူးပန်ကုမ္ပဏီက မန္တလေး-ဖော့တော-သပိတ်ကျင်း လမ်းအပိုင်း ၄၇ မိုင် ၄ဖာလုံနှင့် မုံရွာ-ရေဦးလမ်း ၅၄မိုင် စုစုပေါင်း လမ်းမိုင် ၄၀၇မိုင်တို့ကို ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၆

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

# ပြည်မြို့၌ စံ(၅)ရပ်ညီကျေးရွာစာကြည့်တိုက်များဖြစ်ပေါ်ရေး စာအုပ်စာစောင်များလှူဒါန်း

ပြည် ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ရပ်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် ပြည်မြို့ ရွှေကူရပ်ကွက် လမ်းရှည်လမ်း အမှတ် ၃၆ နေ ကွယ်လွန်သူ ဦးမင်းဟန်၏ ဆန္ဒအရ ဇနီးဒေါ်ဝေဝေ(ကျားပျံမကောက် ဆေးပေါ့လိပ်လုပ်ငန်း၊မင်္ဂလာဂါးဒင်းဟိုတယ်) မိသားစုက ငွေကျပ်ကိုးသိန်းခုနစ်သောင်းတန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံအုပ်၂၁၅၀လှူဒါန်းပွဲကို ဩဂုတ် ၁၂ရက်ကကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်နှင့် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူးဦးရွှေဝင်းတို့က လက်ခံယူပြီး ဂုဏ်ပြုလက်မှတ်ပေးအပ်ကြောင်းသိရသည်။ **(ယာပုံ) (တိုင်း ပြန်/ဆက်)**

## အစ္စရေးအိမ်ရာဆောက်မှု မရပ်ဆိုင်းလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပါလက်စတိုင်း တက်ရောက်မည်မဟုတ်

ရာမာလာ ဩဂုတ် ၂၆

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းတွင် အစ္စရေးတို့က အိမ်ရာဆောက်လုပ်မှုများထပ်မံပြုလုပ်လျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်မည်မဟုတ်ကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က သတိပေးလိုက်သည်။

**စီစဉ်**

အစ္စရေး-ပါလက်စတိုင်း စေ့စပ်ဆွေးနွေးပွဲများကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်၌ လာမည့်ရက်သတ္တပတ်တွင် တိုက်ရိုက်မျက်နှာချင်းဆိုင်၍ စတင်ရန် စီစဉ်ထားသည်။

**ပြောကြား**

သို့သော် ရဟူဒီအိမ်ရာဆောက်လုပ်ခွင့် နောက်ထပ်တစ်စုံတစ်ရာပေးလျှင် ပါလက်စတိုင်းကိုယ်စားလှယ်များက တိုက်ရိုက်စေ့စပ်ဆွေးနွေးပွဲမှ သပိတ်မှောက်ထွက်ခွာမည်ဖြစ်ကြောင်း ပါလက်စတိုင်း စေ့စပ်ရေးခေါင်းဆောင် အာရီကက်က ပြောကြားသည်။

**သက်တမ်းကုန်**

အစ္စရေးတို့၏ ၁၀လကြာအိမ်ရာတည်ဆောက်မှု ရပ်ဆိုင်းထားခြင်းမှာ စက်တင်ဘာ ၂၅ရက်တွင် သက်တမ်းကုန်မည်ဖြစ်သည်။

**အချိန်ရောက်**

အစ္စရေးအစိုးရအနေဖြင့် အိမ်ရာဆောက်လုပ်ရေးနှင့် ငြိမ်းချမ်းရေးကို ရွေးချယ်ရန် အချိန်ရောက်ပြီဟုလည်း အာရီကက်က ရာမာလာသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

**(အင်တာနက်)**



အီရန်နိုင်ငံတွင် မြေပြင်မှ မြေပြင်ပစ်ဒုံးကျည် စမ်းသပ် မှုကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးရန် တရုတ်ဒုတိယဝန်ကြီးချုပ်ညွှန်ကြား

ယီချွမ် ဩဂုတ် ၂၆

တရုတ်ပြည် အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်အတွင်း ဩဂုတ် ၂၄ရက်က လေယာဉ်ပျက်ကျမှုကို အသေအချာစုံစမ်းစစ်ဆေးရန်နှင့် ဒဏ်ရာရရှိသူများအား အထူးဂရုပြုကုသစောင့်ရှောက်ရန် တရုတ်ဒုတိယဝန်ကြီးချုပ် ကျန်တေးကျန်က ဩဂုတ် ၂၅ရက်က ညွှန်ကြားလိုက်သည်။

**ရောက်ရှိ**

တရုတ်နိုင်ငံတော်ကောင်စီက စေလွှတ်သည့်အဖွဲ့ကို ဒုတိယဝန်ကြီးချုပ်ကျန်က ဦးဆောင်လျက် အရေးပေါ်လုပ်ငန်းများဆောင်ရွက်ရေး ညွှန်ကြားရန် ဟေလုံကျန်ပြည်နယ် ယီချွမ်မြို့ လေယာဉ်ပျက်ကျရာနေရာသို့ ဩဂုတ် ၂၅ရက်က ရောက်ရှိလာသည်။ အဆိုပါအဖွဲ့သည် လေယာဉ်ပျက်ကျပြီး မကြာမီမှာပင် ပေကျင်းမြို့မှ ယီချွမ်မြို့သို့ ညတွင်းချင်း လေယာဉ်ဖြင့် ရောက်လာသည်။ ဩဂုတ် ၂၅ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာများ၏ တင်ပြချက်များကို လက်ခံပြီး ဒုတိယဝန်ကြီးချုပ်က စုံစမ်းစစ်ဆေးရေးနှင့် အရေးပေါ်အကူအညီပေးရေးအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ခွဲဆောင်ရွက်ရန် ဆုံးဖြတ်ကာ စီစဉ်ပေးခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

## ကွန်ဂိုအနောက်ပိုင်း၌ လေယာဉ်ပျက်ကျ ၂၀သေဆုံးပြီး တစ်ဦးအသက်ရှင်လျက်ရှိ

ကင်ရှာဆာ ဩဂုတ် ၂၆

ကွန်ဂိုနိုင်ငံအနောက်ပိုင်းတွင် ဩဂုတ် ၂၅ရက် မွန်းလွဲပိုင်းက ခရီးသည်တင် လေယာဉ်တစ်စင်းပျက်ကျသွားခဲ့ရာ သေဆုံးသူ ၂၀ရှိကြောင်း၊ အသက်ရှင်ကျန်ရစ်သူ တစ်ဦးသာရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ ခရီးသည်တင် လေယာဉ်သည် ကွန်ဂိုနိုင်ငံအလယ်ပိုင်း ဘန်ဒန်ဒူမြို့မှ ပျံတက်လာပြီး ကင်ရှာဆာမြို့လေဆိပ်သို့ ဆင်းသက်စဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း ပြည်နယ်ရဲအရာရှိ ဂျိုလီလီမန်ဂိုက ပြောကြားသည်။**(အင်တာနက်)**

## ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးသုံးလုံးပေါက်ကွဲ အနည်းဆုံး ၃၆ဦး သေဆုံးခဲ့ဟုဆို

အစ္စလမ္မာဘတ် ဩဂုတ် ၂၆

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ရက်က ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ အာဖဂန်နယ်စပ်အနီးတွင် နှစ်လုံးပေါက်ကွဲခဲ့ပြီး တတိယမြောက်ဗုံးမှာ ပက်ရှဝါမြို့အနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၃၆ဦး သေဆုံးကြောင်း တာဝန်ရှိသူတို့က ပြောကြားသည်။

ပက်ရှဝါမြို့နား၌ ဗုံးပေါက်ကွဲမှုတွင် တာလီဘန်ဆန့်ကျင်တိုက်ခိုက်ရေးခေါင်းဆောင် အစ္စယာခန်းနှင့် နောက်လိုက်နှစ်ဦးတို့ သေဆုံးခဲ့သည်ဟု ရဲအရာရှိ ခါရှိခန်းက ပြောကြားသည်။ ထိုသူသုံးဦးသည် မာတီနီကျေးရွာ ဈေးအတွင်း ဖြတ်သန်းသွားလာစဉ် ဗုံးထိမှန်ပြီး သေဆုံးခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူ သုံးဦးထက်မနည်းရှိကြောင်း ၎င်းက ပြောကြားသည်။

တောင်ဝါဇီရစ္စတန်ပြည်နယ်ရှိ အဆောက်အအုံတစ်ခုအတွင်း ပေါက်ကွဲခဲ့သည့်ဗုံးမှာ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့်ဖြစ်ပြီး လူသေဆုံးမှုအများဆုံးလည်းဖြစ်ကြောင်း၊ ၂၆ဦးသေဆုံးပြီး ၄၀ကျော် ဒဏ်ရာရခဲ့ကြောင်း နယ်မြေထောက်လှမ်းရေးအရာရှိက ပြောကြားသည်။

ပထမဦးဆုံးပေါက်ကွဲမှုသည် ကွာရပ်ဒေသ၌ဖြစ်ပြီး ထိုပေါက်ကွဲမှုတွင်လည်း လူခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

## မက္ကဆီကိုအလှမယ် နာဗာရီတေး မယ်စကြဝဠာဘွဲ့ဆွတ်ခူး

*လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၆*

*မယ်စကြဝဠာပြိုင်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဩဂုတ် ၂၃ရက်က ယှဉ်ပြိုင်ခဲ့ရာ မက္ကဆီကိုနိုင်ငံမှ အသက် ၂၂နှစ်အရွယ်ရှိ ဂျီမီနာ နာဗာရီတေးက မယ်စကြဝဠာဘွဲ့ကို ဆွတ်ခူးသွားသည်။* (အောက်ပုံ)

*ဆွတ်ခူး*

*မယ်စကြဝဠာဒုတိယဆုကို ဂျမေကာမယ် ရန်ဒီဗီးလစ်က ဆွတ်ခူးနိုင်ခဲ့ပြီး တတိယဆုကို ဩစတြေးလျမယ် ဂျေစင်တာကင်းဘဲလ်က ဆွတ်ခူးနိုင်ခဲ့သည်။*

*ပဉ္စမဆု*

*ယင်းမယ်စကြဝဠာပြိုင်ပွဲတွင် ဖိလစ်ပိုင်မယ် ဗီးနပ်စ်ရာဂျာက ပဉ္စမဆုရခဲ့ပြီး စတုတ္ထဆုကို ယူကရိန်းမယ် အနာပိုစလတ်ကားက ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။*

*မက္ကဆီကိုနိုင်ငံမှ မယ်စကြဝဠာဘွဲ့ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၁၉၉၁ခုနှစ်က လူပီတာဂျုံးစ်ပြီးနောက် ဒုတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။*

*ဗင်နီဇွဲလားနိုင်ငံကလည်း ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ်တို့တွင် မယ်စကြဝဠာဘွဲ့ကို နှစ်ကြိမ်တိုင်ဆွတ်ခူးနိုင်ခဲ့သည်။* *အမ်အင်န်အေ၊ရိုက်တာ*





## ကွတ်မြို့၌ ကားဗုံးကွဲ ၂၃ဦး သေဆုံးပြီး ၆၀ဒဏ်ရာရ

ကွတ်(အီရတ်) ဩဂုတ် ၂၆

အီရတ်နိုင်ငံ ကွတ်မြို့ ရဲစခန်းအပြင်ဘက်၌ အင်အားပြင်း ကားဗုံးတစ်လုံး ဩဂုတ် ၂၅ရက်က ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၂၃ဦး သေဆုံးပြီး ၆၀ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲအဖွဲ့က ပြောကြားသည်။

**ဖြစ်ပွား**

အဆိုပါ မြို့သည် ဝါဆစ်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဘဂ္ဂဒက်မြို့ အရှေ့ဘက် ကီလိုမီတာ ၁၇၀အကွာတွင် တည်ရှိကာ ဒေသစံတော်ချိန် နံနက် ၁၀နာရီက ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

**ကားဗုံးပေါက်ကွဲ**

ကွတ်မြို့ ရဲစခန်းအပြင်ဘက်၌ ကားဗုံးပေါက်ကွဲပြီး အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## အိန္ဒိယမြောက်ပိုင်း၌ မိုးကြိုးပစ်မှုဖြစ်ပွား ၁၇ဦး သေဆုံးပြီး အချို့ဒဏ်ရာရ

နယူးဒေလီ ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဘီဟာပြည်နယ်တစ်ဝန်း ဩဂုတ် ၂၄ရက်က မိုးကြိုးပစ်ခဲ့မှုကြောင့် အမျိုးသမီးများနှင့် ကလေးများ အပါအဝင် ၁၇ဦး သေဆုံးခဲ့ကြောင်း အင်ဒိုအာရှ နယူးစ်ဆားဗစ်က ဩဂုတ် ၂၅ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ မိုးကြိုးပစ်ခံရမှုကြောင့် အမျိုးသား ၁၀ဦး၊ အမျိုးသမီး ငါးဦးနှင့် ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း၊ လူတစ်ဒါဇင်ကျော် မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း အိန္ဒိယသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန တာဝန်ရှိသူများ၏ ပြောကြားချက်ကို အဆိုပါ သတင်းဌာနက ကိုးကားဖော်ပြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

**အိန္ဒိယမြောက်ပိုင်း ဘီဟာပြည်နယ်၌ ဩဂုတ် ၂၄ရက်က မိုးကြိုးပစ်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)



## နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အင်ဒိုနီးရှား၌ ထုတ်လုပ်သုံးစွဲမည်

ဂျကာတာ ဩဂုတ် ၂၆

အင်ဒိုနီးရှားနိုင်ငံတွင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ပါးရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပါနာဆိုးနစ်ကော်ပိုရေးရှင်းက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား ထုတ်လုပ်ရေးကို စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှား ဒုတိယသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဟီဒါယက်က ဩဂုတ် ၂၅ရက်တွင် ပြောကြားသည်။

**အတည်ပြု**

ပါနာဆိုးနစ်ကော်ပိုရေးရှင်းက ယခုအခါ ဆိုလာပြားများ ထုတ်လုပ်ရေးနည်းပညာကို တီထွင်ရရှိထားပြီဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၌ ယင်းလုပ်ငန်းစက်ရုံ တည်ဆောက်ရေးအစီအစဉ်ကို တင်ပြရာ ဒုတိယသမ္မတ ဘိုဒီယိုနိုက အတည်ပြုထောက်ခံခဲ့သည်။

ပါနာဆိုးနစ်ကော်ပိုရေးရှင်းအနေဖြင့် အင်ဒိုနီးရှားနိုင်ငံကို ပစ္စည်းထုတ်လုပ်ပေးသည့် အခြေခံနေရာနှင့် ဈေးကွက်အဖြစ်ပါ အသုံးပြုနိုင်ကြောင်း ဒုတိယသမ္မတ ဘိုဒီယိုနိုက အကြံပြုလိုက်သည်။ စွမ်းအင်ထုတ်လုပ်ရေးအတွက် ဆိုလာပြားများကို သုံးစွဲခြင်းဖြင့် လေထုအတွင်းကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း အလျှင်းမရှိကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# နိုင်ငံခြားမှ ကတ္တရာဖျန်းယာဉ်များရောက်ရှိမှု ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ်၂၃ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယန္တရားတပ်ခွဲ(တောင်) အင်ဂျင်နီယာမှူးကြီးရုံးသို့ ရောက်ရှိပြီး လမ်းလုပ်ငန်းများအတွက် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းလာသော ကတ္တရာဖျန်း ယာဉ်၁၀စီး၊ ကျောက်ဖြန့်စက် တစ်စီးနှင့် **(ယာပုံ)** အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဝယ်ယူထားသည့် မြေတူးကော်တင်စက် စမ်းသပ်မောင်းနှင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရေရောကတ္တရာစက်ရုံ(ပျဉ်းမပင်)သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က စက်ရုံအခြေအနေ၊ ရေရောကတ္တရာ အဆင့်ဆင့်ဆောင်ရွက်ရမည့် အခြေအနေနှင့် အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရေရောကတ္တရာစက်ရုံအတွင်းသို့ သွားရောက်၍ ရေရောကတ္တရာထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ရေရောကတ္တရာ ရရှိလာမည့် အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုဝင်များအား ပညာသင်စရိတ်ထောက်ပံ့

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး ဝန်ထမ်းမိသားစု သားသမီးများ ပညာရည်မြင့်မားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် ဇနီးဒေါ်ပေါက်ပေါက်တို့က ဝန်ထမ်းမိသားစု ကလေးငယ်များအား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၂၀၁၅၀၀ နှင့် ငွေကျပ် ၉၄၃၀၀ ရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။ **(ဝဲပုံ)**

**(၁၈၃)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သရက်မြို့ ရွှေဘုံသာရပ်ကွက် မူလတန်းကြို ကျောင်းတွင် ဇူလိုင် ၁၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



# ပန်းတနော်မြို့နယ် မြစ်၊ ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ပန်းတနော် ဩဂုတ် ၂၆**

ငါးသယံဇာတ တိုးပွားရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမ ကျေးရွာ အင်းမချောင်းအတွင်း ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက် ၉ နာရီက ကျင်းပသည်။

**မျိုးစိုက်ထည့်**

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးကျော်မင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်၊ ပသွယ် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဝင်းသိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေလုပ်ငန်းရှင်များက ငါးမြစ်ချင်း ၁၁သိန်း၊ တီလားဗီးယား ငါးသောင်း၊ ငါးခုံးမကြီး သုံးသိန်းငါးသောင်းကို မျိုးစိုက်ထည့်ကြသည်။ **(အောက်ပုံ)**

**(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

# ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် လင်းခေးမြို့နယ်၌ ဆောက်လုပ်

**လင်းခေး ဩဂုတ် ၂၆**

လင်းခေးမြို့နယ် ပန်ပေါင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် မင်္ဂလာတိုင်စိုက်ထူသည့် အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

**စိုက်ထူပေး**

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံတိုင်းရင်းသားများက မင်္ဂလာတိုင်ကို စိုက်ထူပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ ဆက်)**



# Lenovo Country Road Show ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

Lenovo Notebook, Desktop, All in one PC များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒုတိယအကြိမ် Lenovo Country Road Show ပွဲကြီးကို စက်တင်ဘာ ၁ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ အထူးဈေးရောင်းပွဲတော်တွင် အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ အမှတ်တရ လက်ဆောင်အများအပြား ပေးအပ်သွားမည့်အပြင် တန်ဖိုးကြီး ဆုမဲများကိုလည်း ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲတွင် ဒီဇိုင်းလှပပြီး Function စုံလင်လူကြိုက်များသော Consumer Series Notebook များအပြင် ကမ္ဘာတစ်ဝန်းလုံးတွင် အကြမ်းခံမှုနှင့် စိတ်ချယုံကြည်ရမှုတို့ကြောင့် နာမည်ကြီးသော IBM ၏ မျိုးဆက်သစ် Lenovo Think Pad Notebook များကို မြန်မာနိုင်ငံတွင် International Warranty နှင့် အတူ ပြသရောင်းချပေးသွားမည်ဖြစ်သည်။

ယခုခေတ်တွင် Desktop PC အစားထိုး ဝယ်ယူအသုံးပြုလာသော Lenovo A70z All in one PC များနှင့် Business သမားများအကြိုက် တွေ့ဦးမည့် Think Pad Series ထဲမှ Graphic 128MB ပါရှိသော X100e Portable Notebook ကို ငွေကျပ် ငါးသိန်းအောက်ဖြင့်သာ ပြသရောင်းချပေးသွားမည်ဖြစ်သည်။ X100e Portable Notebook သည် သေးငယ်ပြီး အကြမ်းခံခြင်းကြောင့် အမြဲသယ်ဆောင် အသုံးပြုနေသော ကျောင်းသား ကျောင်းသူ၊ စီးပွားရေးသမားများနှင့် စာနယ်ဇင်း သတင်းထောက်များအတွက် အကောင်းဆုံး စွမ်းဆောင်ပေးမည့် Notebook အသစ်ဖြစ်သည်။ Warranty ကာလအတွင်း စက်ချွတ်ယွင်းမှုတစ်ခုခု ကြုံတွေ့ခဲ့လျှင် လွယ်ကူ အဆင်ပြေစွာ ပြင်ဆင်နိုင်ရန်နှင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှု မရှိစေရန်၊ Warranty ကာလကျော်သွားလျှင်လည်း အပိုပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ရန် Lenovo Authorised Service Center ကို အမှတ် (၁၇၀-၁၈၄) ပန်းဆိုးတန်းလမ်း (အလယ်)တွင် ဖွင့်လှစ်ထားပေးသည်။

**ဝယ်ယူနိုင်**

Lenovo အထူးဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချပေးမည့်ဆိုင်ကြီးများမှာ ရန်ကုန်မြို့တွင် KMD, Technoland, ICE, INNWA, King Empire, UNIQUE, MRS, Citicom, Neo Tech, King Service Wisdom, Access Spectrum , The Radiance ၊ မန္တလေးမြို့တွင် KMD, Technoland, INNWA, MRS, DCD, Neo Tech, MAT, My Com, iNet, NTG တို့နှင့် နေပြည်တော်တွင် KMD တို့၌ ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ရှေးဟောင်းပစ္စည်းများ သက်ဆိုင်ရာသို့ အပ်နှံ

**မြောက်ဦး ဩဂုတ် ၂၆**

ရှေးဟောင်းပစ္စည်းများ ရှာဖွေတွေ့ရှိသဖြင့် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန မြောက်ဦးမြို့ ဌာနစုသို့ အပ်နှံပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက်က မြောက်ဦးခရိုင်ဌာနစု အစည်းအဝေးခန်းမရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် မြောက်ဦးမြို့ အောင်တပ်ရပ်ကွက်နေဦးမောင်စိန်အောင်က နေအိမ်ပြုပြင်ရန် တိုင်ကျင်းတူးရာမှ (၁၆)ရာစု မြောက်ဦးခေတ် ဘုရင်စန္ဒသုဓမ္မရာဇာ ကမ္ပည်းပါ ရှေးဟောင်းငွေဒင်္ဂါးရှစ်ပြား ရရှိခဲ့ပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုငွေများ ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌက ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ **(အပေါ်ပုံ)** ဒင်္ဂါးတစ်ပြား၏ အလျားမှာ ၂ ဒသမ ၄ စင်တီမီတာနှင့် အလေးချိန် ၁၄ဒသမ ၅ ရွေးစီရှိကြောင်း သိရသည်။

**(၁၁၃)**

# စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

ရန်ကုန် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲနှင့် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဩဂုတ်၂၃ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပခဲ့မှုနှင့် ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကစားခုံများအလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးက ပထမရရှိသော အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့်ဆင့်ပွားကလပ်ကို လည်းကောင်း၊ **(ယာပုံ)**အားကစားသမားများအား တစ်ဦးချင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မုဒုံမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးနှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက်က မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးအောင်တင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး(ဗဟို)၊ မုဒုံမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးထွန်းကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးကြာခိုင်၊ အတွင်းရေးမှူး ဦးမြိုင်နှင့် အလုပ်အမှုဆောင်များက သက်ကြီးသဘင် ပညာရှင် ၁၀ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းကန်တော့ကြသည်။ **(အောက်ပုံ)**

**တင်သွင်း**

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရာ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌဦးထွန်းကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းတို့က အမှာစကား ပြောကြားကြပြီး တစ်နှစ်တာ ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အလုပ်အမှုဆောင်ဦးဆန်းမင်းအောင်က ဖတ်ကြားတင်သွင်းခဲ့ကြောင်း သိရသည်။ **(ဝ၁၄)**

# Topcon အမှတ်တံဆိပ် ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၆

Concordia Int'l Co.,Ltd. က တင်သွင်းဖြန့်ဖြူးသော နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK) စနစ်သုံးDGPS များ၊ Geodetic Total Station များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Theodolite များ အပြင် Civilcad Software များ အကြောင်းနှင့် အခြား မြေတိုင်းပစ္စည်းများ အကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၃၀ရက် ညနေ ၅နာရီမှ ည ၇နာရီအထိ နေပြည်တော် Hotel ဇုန်ရှိ မြတ်တော်ဝင် Hotel ၌ ကျင်းပမည်ဖြစ်သည်။

Topcon အမှတ်တံဆိပ် GPT 7500 Series သည် Reflector မပါဘဲ လူသွားလူလာရန် ခက်ခဲသောနေရာများ၊ အဆောက်အအုံများ၊ ရေကာတာများ၊ ရေလယ်တိုင် နေရာများကို တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊ USB Key ဖြင့် တိုင်းတာပြီး Data များကို Download/ Upload ပြုလုပ်နိုင်ခြင်း၊ GTS-235 N မှာလည်း တိုင်းတာသည့် အမှတ် ၂၄၀၀၀ တိုင်းတာနိုင်သည့်အပြင် Single Prism ဖြင့် နှစ်မိုင်ပတ်လည်ရှိ အရာဝတ္ထုများ၏ ကိုဩဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊ New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်း တိုင်းတာမှုတွင် အလွန်အသုံးဝင်သော ပစ္စည်းဖြစ်ခြင်း၊ Total Station အမျိုးအစားတစ်ခုဖြစ်သော TKS-202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီ အစားနှုန်းသက်သာခြင်း၊ Single Prism ဖြင့် ပေ၆၀၀၀ တိုင်းတာနိုင်ပြီး Topcon နည်းပညာလုပ် Total Station ဖြစ်သည်။

**ရေးဆွဲပေးနိုင်**

Topcon အမှတ်တံဆိပ် Civilcad Software သည် ကိုဩဒိနိတ်အမှတ်များကို အခြေခံ၍ ကွန်တိုရေးဆွဲခြင်း၊ Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်း ဒီဇိုင်းလုပ်ငန်းများကို အချိန်တိုအတွင်း ရေးဆွဲပေးနိုင်သည်။ မိတ်ဆက်ရှင်းလင်းပွဲ အထူးအစီအစဉ် အဖြစ် GPS များ၊ ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများတွင် ကွန်တိုမြေပုံနှင့် မြို့ကြီး ၂၅မြို့ မြေပုံကို ဈေးနှုန်းသက်သာစွာဖြင့် ထည့်သွင်းပေးမည်ဖြစ်သည်။

**ဝယ်ယူနိုင်**

အထက်ဖော်ပြပါ စက်အားလုံးအတွက် တစ်နှစ်အာမခံပေးထားသည့်အပြင် Service Center များကို ရန်ကုန်မြို့တွင် ရွှေဂုံပလာဇာ ကမ္ဘာ့အေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀-၀၉၂၂၃၊ ၇၃၀-၀၉၂၀၇၊ ၀၉-၅၀၀၅၉၈၂ နှင့် ဖက်စ်- ၅၄၄၁၉၉၊ မန္တလေးမြို့တွင် SY အဆောက်အအုံ လမ်း၃၀ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၂၈၊ ၆၉၃၀၃နှင့် ၀၉-၅၀၆၇၁၇၂၊ နေပြည်တော်တွင် အမှတ် ၁၄၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၁၈၉၊ ၄၂၁၃၆၂၊ ၀၉-၄၉၂၀၀၉၅၁ နှင့် ၀၉-၄၉၂၀၀၉၅၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

# ဘော်လီဘောနည်းပြဆရာများဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ





ရန်ကုန် ဩဂုတ် ၂၆

အားကစားဝန်ကြီးဌာန အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဘော်လီဘောနည်းပြ ဆရာများဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ရှိ ဂိုးဟိုတယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**ရှင်းလင်း**

ယင်းနောက် ပြည်ပနည်းပြဆရာ Professor Chang က နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက Technical Seminar ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ပြီး ဘော်လီဘောနည်းပြဆရာ ၂၅ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစက္ကူအဟောင်းများလဲလှယ်နိုင်

ရန်ကုန် ဩဂုတ် ၂၆

ပြည်သူများလက်ဝယ်တွင် လှည့်လည်သုံးစွဲနေသော ဟောင်းနွမ်းငွေ စက္ကူများကို သတ်မှတ်ချက်များနှင့် ပြည့်စုံသော ငွေစက္ကူများဖြစ်ပါက ရန်ကုန်မြို့ အမှတ် ၁၉၈/၁၉၉ ဗိုလ်ဆွန်ပက်လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် လုပ်ငန်းဌာနခွဲ ငွေစက္ကူလဲလှယ်ရေး ကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲအသီးသီးတို့၌ ၁၀ကျပ်တန်မှ ၅၀၀ကျပ်တန် အထိကို တန်ဖိုးတူချင်း အဟောင်းနှင့် အသစ်လက်ခံ လဲလှယ်ပေးလျက်ရှိရာ ၂၀၀၉ခုနှစ် ဩဂုတ် ၃ရက်မှစ၍ ယနေ့အထိ ပြည်သူများသို့ ငွေကျပ်သန်းပေါင်း၁၉၀၀ကျော် လဲလှယ်ပေးပြီးကြောင်း သိရှိရသည်။

**တိုက်ရိုက်ဖြန့်ဖြူး**

ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ ဈေးများဌာနတို့သို့လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ တန်ဖိုးငယ်ငွေစက္ကူများကို အပတ်စဉ် တိုက်ရိုက်ဖြန့်ဖြူးလဲလှယ်ပေးလျက်ရှိသည်။

**စိစစ်လဲလှယ်ပေး**

ရန်ကုန်မြို့ရှိ ကုန်တိုက်ကြီးများ၊ ပန်းခြံများ၊ ကစားကွင်းများ၊ စတိုးဆိုင်များ၊ ရုပ်ရှင်ရုံများအပါအဝင် စီးပွားရေးလုပ်ငန်းများသို့လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ (ရန်ကင်း)၌ တန်ဖိုးငယ်ငွေစက္ကူအသစ်များကို လိုအပ်ချက်အပေါ်မူတည်၍ စိစစ် လဲလှယ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်နေ ဒေါက်တာ ခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးမျိုးစုံလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဒေါက်တာဒေါ်မီမီဌေးတို့ လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)

# ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ကွမ်းလုံမြို့နယ်၌ဖွင့်

ကွမ်းလုံ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီခွဲက သံလွင်ဦးခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖူကြာမုန်းက အမှာစကား ပြောကြားသည်။

**ရှင်းလင်းပို့ချ**

အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဖြစ်သော ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့၏ တာဝန်များ၊ မဲရုံတွင် မဲပေးပုံအဆင့်ဆင့်တို့ကို ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဌေးအောင်ကျော်၊ ခရိုင်ဥပဒေအရာရှိ ဦးသိန်းအောင်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းဦး၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအယ်တိန့်ဘောမ်နှင့် အဖွဲ့ဝင်လေးဦးတို့က ရှင်းလင်းပို့ချခဲ့ကြသည်။

**(ခရိုင်ကော်မရှင်)**




# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဦးသိန်းဆွေ
# အမ်းနှင့် စစ်တွေလေဆိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ တို့သည် ဩဂုတ် ၂၂ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် အမ်းမြို့ရှိ အမ်းလေဆိပ်သို့ရောက်ရှိကြရာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းအခြေအနေ၊ လေယာဉ်ရပ်နားရာနေရာနှင့် မျှော်စင်ပြီးစီးမှု၊ လေယာဉ်များဆင်းသက်မှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုစစ်ဆေး**

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဩဂုတ် ၂၃ရက်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေလေဆိပ်နှင့် လေယာဉ်ပေါ်သို့ ခရီးသည်များတက်ဆင်းနေမှု၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဩဂုတ် ၂၁ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာတွင် ရေစီးရေလာကောင်းရေးနှင့် ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ထွေ/အုပ်)

# သာယာဝတီမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**သာယာဝတီ ဩဂုတ် ၂၆**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၁၀-၂၀၁၁ခုနှစ်အတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၀ရက်က မြို့ဝင်မိုးစွေထုတ် ဧက ၁၀၀၀စံပြကွက် လယ်မြေများ၌ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်း၊ အုတ်ဖိုငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးသန်းနိုင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ များနှင့် တောင်သူများက စပါးခင်း ဧက ၃၉၀အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၉၅၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။**(အောက်ပုံ) (ခရိုင်ငါးလုပ်ငန်းဦးစီး)**

# အိုင်တီအခြေခံနှင့် အဆင့်မြင့်နည်းပညာ သင်တန်းသစ်များ ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၆**

Myanmar WWW Institute ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက အိုင်တီနည်းပညာသင်တန်းများဖြစ်သည့် အိုင်တီအခြေခံသင်တန်း၊ Website ရေးဆွဲနည်း သင်တန်းများနှင့် Advanced Flash သင်တန်းသစ်များကို စက်တင်ဘာလဆန်းပိုင်းမှ စတင်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

**ရွေးချယ်တက်ရောက်နိုင်**

အိုင်တီအခြေခံသင်တန်းသည် Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် လေးရက် (တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ) တစ်ချိန်နှင့် (အင်္ဂါနှင့် ကြာသပတေး) တစ်ချိန်ရှိသဖြင့် မိမိနှင့်အဆင်ပြေမည့် အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းချိန်များမှာ စနေ၊ တနင်္ဂနွေ တစ်ချိန်၊ အင်္ဂါ၊ ကြာသပတေး တစ်ချိန်နှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ တစ်ချိန်ရှိပြီး မိမိနှင့်အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။

**သင်တန်းကာလ**

ထို့ပြင် Animation များ ပြုလုပ်ခြင်း၊ Action Script များ အသုံးပြုပြီး မိမိ၏ Flash file အတွင်းရှိ ရုပ်ပုံလေးများကို Event များဖြင့် ထိန်းချုပ်ခြင်း၊ Symbol အသုံးပြုခြင်း၊ Flash File အချင်းချင်း ချိတ်ဆက်ခြင်း၊ Flash Component များ အသုံးပြုခြင်း စသည်များကို လေ့လာသင်ယူရမည်ဖြစ်သည်။ ထို့အပြင် Web Designer များအတွက် အသုံးဝင်မည့် Flash Presentation များ၊ Slide show များနှင့် ဂိမ်းပြုလုပ်ခြင်းများ၊ Website တစ်ခုလုံးကို Flash ဖြင့် ရေးဆွဲခြင်းများကို သင်ယူရမှာဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် နှစ်ရက် အင်္ဂါနှင့် ကြာသပတေး တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သင်တန်းသုံးမျိုးလုံးကို တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ အဆိုပါသင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြဝတီရုပ်မြင်သံကြား

**၂၇-၈-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဘွဲ့မည်တွင်ခေါ် မိုးကုတ်ဆရာတော် အပိုင်း (၁) |
| ၇:၁၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း |
| ၇:၃၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၄၀ | ၃။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄:၄၅ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄:၅၀ | ၅။ | မဟာဂီတချိုကြည်မြ |
| ၅:၀၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၅ | ၇။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅:၁၅ | ၈။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၂၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၃၀ | ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ပင်လယ်လိပ်တို့၏ ရှင်သန်ရာဘဝခရီး** (အပိုင်း-၁) |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၀ | ၁၄။ | **ရှာ** ဟာသဇာတ်လမ်းတွဲ |
| ၆:၅၀ | ၁၅။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၁) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ရှင်သန်နေသောသီချင်းများ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၉) |
| | ၂၄။ | ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက် |

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်နှင့် အဖွဲ့သည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Total E & P Myanmar ကုမ္ပဏီမှ ဝန်ထမ်းနှင့် ယာဉ်မောင်း ၃၅ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မဂ္ဂဇင်းထုတ်ဝေရေး ငွေလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) တည်ထောင်ခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကံသောင်းမှတစ်ဆင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးများဖြစ်ကြသည့် ထက်လင်းဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ မှန်ချိုဆေးတိုက်၊ ဂရိုတ်ဝေါဆေးတိုက်များက ငွေကျပ်တစ်သိန်းစီ၊ ဖြူစင်မေတ္တာဆေးတိုက်နှင့် အဝေရာဆေးတိုက်တို့က ငွေကျပ်ငါးသောင်းစီ စုစုပေါင်း ငွေကျပ်ငါးသိန်း လှူဒါန်းပွဲကို ဩဂုတ် ၂၁ရက်က ဗဟန်း မြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်း၌ ကျင်းပရာ ဆေးတိုက်များ ကိုယ်စား အသင်းတွဲဖက်အတွင်းရေးမှူး ဦးပေါမျာက ပေးအပ်ပြီး အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ တွဲဖက်တာဝန်ခံ အယ်ဒီတာ ဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း)၊ ဘဏ္ဍာရေးမှူး ဦးသာထွေးနှင့် အဖွဲ့ဝင်များက လက်ခံယူခဲ့သည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

# ကျောက်ချောလမ်းခင်း

**မင်းတပ် ဩဂုတ် ၂၆**

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် ဈေးအတက်လမ်း ကျောက်ချောခင်းလုပ်ငန်းကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူး ဦးမင်းဇော်က စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# ရေမြောင်းများရှင်းလင်း

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာကောင်းရေးအတွက် လမ်းမတော် လမ်းဘေးရေမြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် ဒုတိယဦးစီးမှူးတို့ ဩဂုတ် ၂၀ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၂)



# ... အထူးစီမံကိန်းများ

ကျော်မျိုးနောင်



လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ လွယ်ကူစေရန် နှစ်လမ်းမောင်း ကားလမ်းနှင့် မီးရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိသော ရောဝတီမြစ်ဖြတ် ရောဝတီတံတား(စင်းခန်း)ကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ မြန်မာအင်ဂျင်နီယာများ စွမ်းပကားဖြင့် စက်ယန္တရားကြီးများ အသုံးပြုကာ ဤသို့ အားကြိုးမာန်တက် တည်ဆောက်လျက်ရှိသည်။

**နှင့်တစ်နယ် တစ်ဒေသနှင့်တစ်ဒေသ အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် သွားလာ၍လွယ်ကူလာလျှင် စာပေပညာများ သင်ယူလာနိုင်ပြီး ဗဟုသုတများစွာ ရရှိလာကြရုံမျှမက တိုင်းရင်းသားချင်း ရင်းနှီးမှု ပိုမိုလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။** ယခုခွင့်ပြုခဲ့သော လမ်းတံတားစီမံကိန်းများသည် ရှမ်းပြည်နယ်ဘက်သို့လည်းကောင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ဘက်သို့လည်းကောင်း၊ ရိုးမကိုဖြတ်၍ အရှေ့မှအနောက်၊ အနောက်မှအရှေ့သို့လည်းကောင်း တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ကာ ဆက်သွယ်ဖောက်လုပ်မည့် လမ်းတံတားများဖြစ်ရာ ပြည်တွင်းကုန်စည်စီးဆင်းမှု၊ သွားလာမှုတို့ကို များစွာ အထောက်အကူဖြစ်မည့် စီမံကိန်းများ ဖြစ်ပေသည်။

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယခုအစည်းအဝေးမှ ခွင့်ပြုချမှတ်ပေးသည့် စီမံကိန်းနှစ်ခုရှိပါသည်။ ထိုစီမံကိန်းများတွင် ပါဝင်သည့် မော်လိုက် ရေအားလျှပ်စစ်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံ/ကွန်ကရစ်တမံ အမျိုးအစားဖြစ်သည်။ စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၅၂၀ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၃၁၀ကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်ဖြစ်သည်။**

ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၏ အနောက်မြောက်ဘက် ၁၁ကီလိုမီတာအကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀၀ နှစ်လုံးဖြင့် ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၀၀၀မှ ၄၂၀၀အထိ ထုတ်လုပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ စက်ရုံအတွက် လောင်စာကျောက်မီးသွေးကို ကလေးဝမြို့အနီး ပလူဇိဝ ကျောက်မီးသွေးတွင်းမှ အလုံအလောက် ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားလိုင်းအသစ်နှစ်ခု တည်ဆောက်ခြင်း၊ ပင်မဓာတ်အားခွဲရုံ နှစ်ခု တည်ဆောက်ခြင်း စသည့်စီမံကိန်းနှစ်ခု ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်စီမံကိန်း ၃၇ခုပါဝင်ရာ ပင်မဓာတ်အားလိုင်း ၅၂လိုင်း တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ ၅၃ရုံတည်ဆောက်ခြင်းတို့ဖြစ်သည်။ မဟာဓာတ်အားလိုင်းများအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်စသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဓာတ်အားဆက်သွယ် ပေးပို့သွားမည်ဖြစ်သည်။**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်နံတစ်လျား ရထားလမ်းများ ဖြန့်ကြက်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ ယခုလာမည့်ကာလတွင် စီမံကိန်းငါးခု အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်းသည် မိုင် ၁၂၀ခန့် ရှည်လျားပြီး နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဆင်သေဘူတာမှ



ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့သို့ ဖောက်လုပ်မည့်လမ်းဖြစ်သည်။ အဆိုပါရထားလမ်းတွင် ဘူတာပေါင်း ၂၄ဘူတာ၊ တံတားကြီးငယ်ပေါင်း ၅၂၅စင်းနှင့် ဥမင်တစ်ခုတို့ ပါဝင်မည်ဖြစ်သည်။ မြစ်ကြီးနား-ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နန့်စန်ရထားလမ်းသည် ခရီးမိုင် ၄၇၄မိုင် ၄ဖာလုံ ရှည်လျားသည့် စီမံကိန်းဖြစ်ပြီး ဘူတာပေါင်း ၇၈ဘူတာနှင့် တံတားကြီးငယ်ပေါင်း ၂၃၃၅စင်း ပါရှိမည်ဖြစ်လေသည်။ အလားတူ မုံရွာ-ယာကြီး-ကလေးဝ-ကလေးရထားလမ်းလည်းပါရှိရာ ထိုစီမံကိန်းဖြင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများနှင့် ကဘော်ချိုင့်ဝှမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ ထို့အပြင် တောင်ငူ-ယာသို-လွိုင်ကော်ရထားလမ်းစီမံကိန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ရထားလမ်းသည် မိုင် ၁၅၀ ရှည်လျားပြီး ဘူတာပေါင်း ၂၅ဘူတာနှင့် တံတားကြီးငယ်ပေါင်း ၇၅၀ ပါဝင်လေသည်။ ရထားလမ်းဖောက်လုပ်ရေးသာမက ကြံ့ခိုင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံများကို ဗန်းမော်၊ သီပေါနှင့် နမ့်ဆန်မြို့များတွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖားစက်ရုံများအားလုံး တည်ဆောက်ပြီးစီးပါက စက်ရုံပေါင်း ၁၁ရုံမှ နှစ်စဉ် ဇလီဖားတုံး ၂၂သိန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

**ရထားပို့ဆောင်ရေးစီမံကိန်းများသည် တစ်နယ်မှတစ်နယ်၊ တစ်ဒေသမှတစ်ဒေသသို့ ကုန်စည်များ ပို့ဆောင်ရာတွင် အလွန်သက်သာသောနှုန်းထားဖြင့် ပို့ဆောင်ပေးနိုင်သကဲ့သို့ ခရီးသွားလာမှုတွင်လည်း လုံခြုံစိတ်ချရမှုအပေးနိုင်ဆုံး ဖြစ်လေသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရထားလမ်းမိုင်ပေါင်း ၁၄၉၄ဒသမ ၇မိုင်၊ ပေ ၁၈၀အထက် ရထားလမ်းတံတား ၆၂စင်းအပါအဝင် ရထားလမ်းတံတားပေါင်း ၅၃၂၈စင်း၊ ရပ်စခန်းဘူတာအပါအဝင် ဘူတာပေါင်း ၃၉၄ဘူတာတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။** ရထားလမ်းများသည် ဗြိတိသျှအစိုးရလက်ထက်မှစတင်ခဲ့ပြီး ဗြိတိသျှအစိုးရအနေဖြင့် ၄င်းတို့၏ အုပ်ချုပ်ရေးယန္တရားလည်ပတ်ရေး၊ စစ်ဘက်ပို့ဆောင်ရေး၊ မြန်မာ့သယံဇာတများ သယ်ထုတ်ရောင်းချရေးတို့အတွက်သာ အဓိကရည်ရွယ်ရင်းဖြစ်ရာ လက်ရှိနိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်၊ စေတနာတို့နှင့်ကားမည်သို့မျှ နှိုင်းယှဉ်၍မရနိုင်ပေ။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရထားလမ်း၊ ကားလမ်းများ တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ရထားလမ်းများ၏ ကျေးဇူးကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးလာနိုင်တော့မည်ဖြစ်သည်။

**အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၂/၂၀၁၀) အစည်းအဝေးမှ နိုင်ငံတော်အတွက် အရေးပါ အဓိကကျသောစီမံကိန်းများ ချမှတ်အတည်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတော်အတွက် လက်ငင်းလိုအပ်ချက်များဖြစ်သည့်အပြင် အနာဂတ်အတွက် မရှိမဖြစ် လိုအပ်ချက်များလည်း ဖြစ်ပေသည်။ နိုင်ငံတော်၏ အကျိုးစီးပွားကို မျက်မှောက်ကာလသာမက နောင်လာနောက်သားများထိတိုင် ဖော်ဆောင်ပေးမည့် စီမံကိန်းများပင် ဖြစ်ပါသည်။**

**နိုင်ငံတော်အနေဖြင့် အနာဂတ်အတွက် မျှော်မှန်းချက်များထားရှိပြီး စီမံဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများ၊ ရလဒ်ကောင်းများ ပေါ်ထွက်လျက်ရှိသည်ကို ကျွန်တော်တို့ မျက်မြင်ဒိဋ္ဌ တွေ့ထိခံစားနေရပြီဖြစ်ပါသည်။ ဆက်လက် ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေကောင်းများလည်း ပိုင်ဆိုင်နေပြီဖြစ်ပါသည်။ ဤသည်တို့မှာ နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်၊ နိုင်ငံတော်အပေါ်ထားရှိသော စေတနာများမှ ပေါက်ဖွားလာသည့် ရလဒ်များပင်ဖြစ်ပါသည်။ ထို့မျှမက နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ တွဲလက်ညီညီ ဆောင်ရွက်ခဲ့သည့် ရလဒ်များလည်း ဖြစ်ပေသည်။**

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့မှ ချမှတ်လိုက်သော စီမံကိန်းများကို ဌာနအလိုက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ စီမံကိန်းများ အကောင်အထည်ပေါ်လာသည့်အခါ နိုင်ငံတော်သည်လည်း ကဏ္ဍပေါင်းစုံ၊ နယ်မြေအသီးသီး၌ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်ထောင်စုကြီးသည်လည်း ပိုမိုစည်းလုံးညီညွတ်ကာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလာမည်ဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်တော်တို့ ပြည်သူများအနေဖြင့် အထူးစီမံကိန်းကြီးများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကျရာအခန်းကဏ္ဍမှပါဝင်၍ တစ်တပ်တစ်အား ကြိုးစားဆောင်ရွက်ကြရန် အချိန်အခါဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသတည်း။ ။



**အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၂/၂၀၁၀) အစည်းအဝေးမှ နိုင်ငံတော်အတွက် အရေးပါ အဓိကကျသောစီမံကိန်းများ ချမှတ်အတည်ပြုပေးခဲ့ပြီးဖြစ်။ နိုင်ငံတော်အတွက် လက်ငင်းလိုအပ်ချက်များဖြစ်သည့်အပြင် အနာဂတ်အတွက် မရှိမဖြစ် လိုအပ်ချက်များလည်းဖြစ်။ နိုင်ငံတော်၏ အကျိုးစီးပွားကို မျက်မှောက်ကာလသာမက နောင်လာနောက်သားများထိတိုင် ဖော်ဆောင်ပေးမည့် စီမံကိန်းများပင်ဖြစ်။**

## မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအား ကမ္ဘာ့စစ်တုရင်အဖွဲ့ ချုပ် အထွေထွေအတွင်းရေးမှူး လာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Ignatius Leong သည် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အတူ ဩဂုတ် ၂၃ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ရုံးခန်း၌ လာရောက်တွေ့ဆုံပြီး စစ်တုရင်အားကစား တိုးတက်ပြန့်ပွားရေးနှင့် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် စစ်တုရင်အားကစားနည်းကို ထည့်သွင်းကျင်းပမည်ဖြစ်သဖြင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်အနေဖြင့်သော်လည်းကောင်း၊ အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် အနေဖြင့်သော်လည်းကောင်း လိုအပ်သောကူညီပံ့ပိုးဆောင်ရွက်မှုများ ပေးနိုင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ရန်ကုန်မြို့ ပန်းဘဲတန်း မြို့နယ် ၃၂လမ်း(အထက်) အမှတ် ၂၃၃/၂၃၅ ရှိ ရွှေလက်ဆောင်စာပေဖြန့်ချိရေးမှ ဦးအောင်မြင့်နှင့် ညီမဒေါ်သိန်းသိန်းတို့က ငွေကျပ် ၇၃၉၄၅၀တန်ဖိုးရှိ စာအုပ်များနှင့် အလှူမီနီယံစာအုပ်ဗီရိုတစ်လုံးတို့ကို ဩဂုတ် ၈ ရက်က လှူဒါန်းရာ စာကြည့်တိုက် ကော်မတီကိုယ်စား ဦးကျော် (ပညာမော်ကွန်း) လက်ခံယူစဉ်။ (၁၃၈)

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၃၇)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မျိုးခိုင် (မူဆယ်)၊ ပုဏ္ဏဝတီတင့်နှောင်း၊ မောင်မောင်ကြည်သန်း(ရတနာမြေ)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ရွှေမြိုင်မောင်ဖူးဝါ၊ မိုးဟိန်းကျော်(ကျောက်တန်း)၊ အေးမြင့်အေး (တပ်ကုန်း)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ မြင့်သိန်းအောင်၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ သာနိုင်အောင် (ကျိုက်မရော)၊ မွေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ ညိုလွမ်းအောင်၊ ရွှေကြော့တင် (မြင်းမူ)၊ သစ္စာမေတ္တာကိုကိုအောင်၊ ကောက်ရိုးနွယ်(ရွှေတု)၊ စိုးဝေလွင်(တောင်သာ)၊ ဦးခင်ဇော်(မရမ်းကုန်း)၊ မြေရိုင်း(ကချင်မြေ)၊ ဦးငွေအောင်မွန်၊ ထူးသင်ဇာအောင်၊ ကျော်ဇေယဟိန်း(ဒေါပုံ)၊ ဩစူး(သောင်ကြီးမြောက်)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဖွဲ့သန်း သျှင် (သုံးဆယ်)၊ ကျော်(စက်မှု)၊ တွင်းကြီးသားတင်ဝင်းဦး၊ အောင်ဇင်၊ ဦးမြဝင်း (မြတ်မွန်)၊ နေမျိုးသန့်၊ မောင်တင်ယု၊ ဖွဲ့နေ၊ ဟန်ထွေးနိုင်၊ မင်းဦး(ဒဿန)၊ ရေချမ်း၊ ရဲမင်းထက်၊ ကျော်စွာထွန်း(မာန်အောင်)၊ ဇာနည်၊ သုကိုကို(ကျုံမငေး)၊ မောင်လွမ်းနွယ် (အောင်လံ)၊ လူမွန်(ပခုက္ကူ)၊ မေဃမင်းသူရိန်၊ မောင်မောင်တင်ကြည်၊ မောင်သာချစ် (ဝက်လက်)၊ မောင်ချိုစန်း(ဒေးဒရဲ)၊ ကမာမင်း(တပ်ကုန်း)၊ မိုးလွင်မိုး (တောင်ကုတ်)၊ စန္ဒကူး၊ စိန်ဝင်းမြင့်၊ သတ္တ(ခေတ္တရာ)၊ မိုး(ပျဉ်းမနား)၊ မောင်အေးချစ်(ပညာရေး)၊ မောင်အင်းစိန်၊ ကိုကိုအောင်(ကျောက်တန်း)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောဝလေ့ စာပန်းချီ၊ ဗုဒ္ဓစာဉယျာဉ်၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ အင်တာဗျူး၊ စာပေရေးရာ၊ သိမှတ်စရာ၊ ဘုရားဖူးခရီးသည်၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်းကဏ္ဍ၊ ဟာသ ရသကဏ္ဍ၊ မြန်မာစာ မြန်မာစကား၊ သာသနာပြုခရီးသည် အစရှိသည်တို့ဖြင့် သုတ ရသ စုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉-၅၃၀ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း- ၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။(သတင်းစဉ်)


## သတိပေးနှိုးဆော်ချက်

*နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။*


*ရှေ့ဖုံးမှ*

မြို့နယ်များတွင် ပေါင်းစည်း လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီများ ဖွဲ့စည်းကာ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရန် ရည်ရွယ်၍ တစ်ဦးချင်းသော် လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော် လည်းကောင်း ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

### မွေးမြူခဲ့

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာနေခိုက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စီစဉ်ပေးမှုဖြင့် လယ်ကိုင်းကျေးရွာ တောင်သူဦးသန်းကို၏ ပေါင်းစည်း လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းခွင်သို့ ဝင်ရောက်လေ့လာခဲ့သည်။ ဦးသန်းကိုသည် စပါးစိုက်လယ် ရှစ်ဧက၊ ဟင်းသီးဟင်းရွက်(သီးနှံ)စိုက်ဧက ၀ ဒသမ ၁၀ ရှိသည်။ အလျား ပေ ၁၁၀၊ အနံပေ ၅၀၊ အနက်လေးပေရှိ ငါးမွေးမြူရေးကန်တွင် တီလားပီးယား၊ ငါးကြင်း၊ ငါးမြစ်ချင်းကောင်ရေ ၅၀၀ကို ၂၀၁၀ခုနှစ် မေလက စတင်မွေးမြူခဲ့သည်။



"ပေါင်းစည်း လယ်ယာ လုပ်တာ ထာဝရငွေ ပဒေသာပင်စိုက်တာပါ"

ဦးသန်းကို- ဒေါ်သန်းသန်းအေး လယ်ကိုင်းကျေးရွာ တောင်သူ ဇနီးမောင်နှံ။

နွားခုနစ်ကောင်၊ ဆိတ်အကောင် ၂၀၊ ဝက်အကောင်၅၀၊ ဘဲအကောင် ၇၀တို့ကိုလည်း မွေးမြူထားသည်။ တောင်သူ ဦးသန်းကိုနှင့် ဒေါ်သန်းသန်းအေး ဇနီးမောင်နှံအား ပေါင်းစည်းလယ်ယာလုပ်ကိုင်ခြင်း၏အကျိုးကျေးဇူးကို မေးမြန်းရာ "နှစ်လအတွင်း ငါးကန်မှ နှစ်ကြိမ်ဖော်ခဲ့ရာ ငါးပိဿာချိန် ၂၅၈ ပိဿာရရှိ၍ ငွေကျပ်ငါးသိန်းကျော် ရရှိကြောင်း၊ တစ်နှစ်အတွင်း ဝက်ရောင်းရငွေသည် ငွေကျပ် ၅၈သိန်း ရရှိကြောင်း၊ ဘဲကောင် ၇၀မှ ဘဲဥရောင်းရငွေ ကျပ်လေးသိန်းကျော် ရရှိကြောင်း၊ လယ်ရှစ်ဧကတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးခဲ့ရာ ငွေကျပ်သိန်း ၄၀ခန့်ရရှိခဲ့ကြောင်း၊ နွေစပါးမှာတစ်ဧက တင်း ၁၂၀ ထွက်ရှိကြောင်း၊ ဟင်းသီးဟင်းရွက်ရောင်းရငွေပင် ကျပ်သုံးသိန်းခွဲခန့် ရှိကြောင်း၊ တီကောင်မွေးကန် တည်ဆောက်ပြီး တီကျစ်စာ၊ တီဆွေးရည်များကို မြေဩဇာအဖြစ် ထည့်သုံးပြီး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာ အလွန်အောင်မြင်ပါကြောင်း၊ စွန့်ပစ်ရမည့် စပါးခွံများကို ဓာတ်ငွေ့သုံး စွမ်းအင်ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ အဓိကပြောလိုသည်မှာ ပေါင်းစည်းလယ်ယာသည် တောင်သူများ၏ ထာဝရငွေပဒေသာပင်ဖြစ်သည်ဟု ပြောလိုကြောင်း" ဖြင့် ဝမ်းမြောက်ဝမ်းသာ အားပါးတရ ရှင်းပြသည်။

### လုပ်ကိုင်သင့်

ပွင့်ဖြူမြို့နယ်အတွင်း ပေါင်းစည်းလယ်ယာလုပ်ကိုင်သူတောင်သူ သုံးဦးရှိရာ လယ်ကိုင်းကျေးရွာမှ ဦးသန်းကို၊ သရက်အုပ်ကျေးရွာ အုပ်စု စံပြကျေးရွာမှ ဦးမျိုးနိုင်အေး၊ ကန်ပြည့်ကျေးရွာမှ ဦးလူလုတို့ ဖြစ်ကြသည်။ တောင်သူ ဦးသန်းကို ပြောကြားသော ထာဝရငွေပဒေသာပင်ဖြစ်သည့် ပေါင်းစည်းလယ်ယာ စနစ်ကို တောင်သူများတစ်ပိုင်တစ်နိုင် လုပ်ကိုင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

**တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှု အဆင့်အတန်း မြင့်မားစေရန် ရည်ရွယ်၍ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့ အစည်းလိုက်သော် လည်းကောင်း ဆောင်ရွက်လျက်ရှိနေပြီ။**

### နွေစပါးစိုက်ခင်း

တစ်ဧက တင်း ၁၂၀ ထွက်ရှိသည့် ပေါင်းစည်းလယ်ယာ နွေစပါးစိုက်ခင်း။



### ခြင်ဆေးဖျန်း

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ပဲနွယ်ကုန်း မြို့မဈေးကြီးအတွင်းနှင့် တောကျွဲအင်းမြို့ (အထက) ကျောင်းဝင်းအတွင်း ဩဂုတ် ၁၅ရက်က ခြင်ဆေးဖျန်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



## ပြည်နယ်စည်ပင်သာယာ ညွှန်ကြားရေးမှူး မိုင်းရယ်စည်ပင်လုပ်ငန်းများ စစ်ဆေး

မိုင်းရယ် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့သည် မိုင်းရယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဆောင်ရွက်သည့် မြို့ရေပေးရေးလုပ်ငန်း၊ မြို့မဈေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၅ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၈-၂၀၁၀)ရက်နေ့
၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက် (၁၂-၉-၂၀၁၀)ရက်နေ့နှင့်
(၂၆-၉-၂၀၁၀)ရက်နေ့




# ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်)များ ဌာနဆိုင်ရာလုပ်ငန်းခွင်သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၁/၂၀၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသည့် ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၀၀တို့ တက်ရောက်ကြသည်။

## ပြောကြား

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားရာတွင် သင်တန်းဆင်း ဥပဒေအရာရှိများအား ဥပဒေရေးရာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သုံးလကျော် သင်ကြားပို့ချပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ပြည်သူ့ဝန်ထမ်းများ သိသင့် တတ်သင့်သည့် ပညာရပ်များ ဆက်လက်သင်ယူစေနိုင်ရန် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ဖွင့်လှစ်မည့် အခြေခံအရာထမ်းငယ်သင်တန်းကို တက်ရောက်စေမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံး၍ တာဝန်ကျရာဒေသများ၌ တာဝန်ထမ်းဆောင်သည့်အခါ ရှေ့နေ၊ ရှေ့ရပ်များ၏ ကျင့်ဝတ်၊ တရားခွင်ဆိုင်ရာကျင့်ဝတ်၊ ဥပဒေအရာရှိများ၏ ကျင့်ဝတ်များအပြင် ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်များကိုပါ လေးစားလိုက်နာပြီး ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် ရှေ့နေချုပ်သည် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဗိုလ်လုပွဲများယှဉ်ပြိုင်မည်

## ရန်ကြီးအောင်ကို အလဲထိုးရန်ကြုံးဝါးလာသည့် ရန်နိုင်အောင်၏ အထူးစိန်ခေါ်ပွဲပါဝင်

အားကစားသတင်းမှတ်စု
ဇင်လင်းထွန်း (စနူဖြူ)

ရန်ကုန် ဩဂုတ် ၂၆

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H &S နှင့် T & T Group တို့ ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ၂၀၁၀ရဲ့ ဗိုလ်လုပွဲစဉ်တွေကို ဩဂုတ် ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် စတင်ပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်သည်။**

### ၄၈ ကီလိုတန်း

ယခု ဗိုလ်လုပွဲရဲ့ ထူးခြားချက်မှာ လိုက်မစ်ဒယ်နှင့် မစ်ဒယ်ဝိတ်တန်းမပါဘဲ လိုက်ဖလိုင်းမှ ဝယ်လ်တာအထိ ခုနစ်တန်းသာ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပြီး ထိုဗိုလ်လုပွဲကို ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့ဖူးသူ တစ်ယောက်မျှ တက်မလာနိုင်ဘဲ ချန်ပီယံအသစ်စက်စက်များသာ ပေါ်ထွက်မည့်ပွဲဖြစ်သည်။ ၄၈ ကီလို လိုက်ဖလိုင်းဝိတ်တန်းတွင် အောင်စစ်မင်း (မျိုးဆက်သစ်)နှင့် ထစ်ချွန်း(မိုးသောက်ကြယ်)တို့ ရွှေခါးပတ် အပြိုင်လုကြမည်။

၅၁ ကီလို ဖလိုင်းဝိတ်တန်းကို ဆီမီးဖိုင်နယ်၌ ထွန်းဝင်း(တိုက်ဂါး)ကို ၃မှတ်-၂မှတ်ဖြင့် နိုင်လာသည့် စောသဲမင်း (မိုးသောက်ကြယ်)က ဘယ်သန် ခိုင်လင်းဦး (တောင်ကလေး)နှင့် ခါးပတ်လုရမည်။

### ၅၄ ကီလိုတန်း

၅၄ ကီလို ဘင်တန်ဝိတ်တန်း ဆီမီးဖိုင်နယ်တွင် အသဲစွဲ(ဘီလပ်မြေစက်ရုံ)ကို ၄မှတ်-၁မှတ်ဖြင့် ကျော်ဖြတ်လာသည့် ချစ်အောင်(မိုးမင်းမောင်)နှင့် ဆက်ထူးအောင် (တောင်ကလေး)ကို ၄မှတ်-၁မှတ်ဖြင့်ပင် အနိုင်ယူလာခဲ့သူ ဝင်းတင်(ရွှေကုက္ကို)တို့ ရွှေခါးပတ်လုကြရမည်ဖြစ်သည်။

၅၇ ကီလို ဖယ်သာဝိတ်တန်းသည် ယခုပြိုင်ပွဲကြီး၏ ပွဲအကျပ်ဆုံး ဝိတ်တန်းဖြစ်ခဲ့ပြီး ဗိုလ်လုပွဲအထိလည်း ပွဲကျပ်



**စောအုန်းမြင့် (မြို့တော်စည်ပင်) နှင့် ခါးပတ်ယှဉ်လုရမည့် သားသား။**

နေဆဲဖြစ်သည်။ ကွာတားတွင် သပြေညို (ဘီလပ်မြေစက်ရုံ)ကို ၅မှတ်-၀မှတ်ဖြင့် အနိုင်ရအောင် အသည်းအသန် ရုန်းကန်ခဲ့ရပြီး ဆီမီးဖိုင်နယ်တွင်လည်း လက်ရှိချန်ပီယံ သတ္တိအောင်(တောင်ကလေး)ကို ၅မှတ်-၀မှတ်ဖြင့် အနိုင်ရရှိစေရန် အပြင်းအထန် ထိုးသတ်လာခဲ့ရသည့် သားသား (T & T )က မဲစနစ်ဖြင့် ဆီမီးဖိုင်နယ် တစ်ပွဲသာ ထိုးသတ်ရသူ စောအုန်းမြင့် (မြို့တော်စည်ပင်)နှင့် ခါးပတ်ယှဉ်လုရတော့မည်။

### ၆၀ ကီလိုတန်း

၆၀ ကီလိုလိုက်ဝိတ်တန်း ကွာတားဖိုင်နယ်တွင် သမ္ဘာရင့် ရွှေခါးပတ်ချန်ပီယံဟောင်း ဒေါနအောင် (မြို့တော်စည်ပင်)ကို ၅မှတ်-၀မှတ်ဖြင့် အနိုင်ယူလာခဲ့ပြီး ဆီမီးဖိုင်နယ်တွင်လည်း ဝါရင့်လက်ဝှေ့ကျော် ဘီလပ်မြေမောင်မောင်ကို ဒုတိယအချီ၌ပင် ထောက်ဖြောင့်တွဲလုံးဖြင့် ပွဲသိမ်းလာခဲ့သည့် ပရိသတ်အသည်းကျော် စိုးလင်းဦး (တောင်ကလေး)က ဆီမီးဖိုင်နယ်တွင် ကိုဦးလေး(မိုးမင်းမောင်)ကို တတိယအချီ၌ အောက်ခြေပိုင်း အတွင်းခတ်ကန်ချက်ဖြင့် ပွဲဖြတ်လာခဲ့သူ ကညောထူး(ရွှေကုက္ကို)တို့ ခါးပတ်လုကြရမည်ဖြစ်သည်။

၆၃ ဒသမ ၅ ကီလိုလိုက်ဝယ်လ်တာဝိတ်တန်း ဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံ အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)ကို ၃မှတ်-၂မှတ်ဖြင့် အနိုင်ယူခဲ့သည့် ရွှေသိန်းအောင်(ဖလုံပညာ)နှင့် ဆီမီးတွင် ရန်ဆက်နိုင်(တောင်ကလေး)ကို စတုတ္ထအချီ၌ ညာဖြောင့်လက်သီးဖြင့် ပွဲသိမ်းခဲ့သူ မိုက်တိုင်စန်တို့ ရွှေခါးပတ်လုရပေတော့မည်။

### ၆၇ ကီလိုတန်း

၆၇ကီလိုဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲတွင် လုံးချောလေး(ရက္ခဖျာလ)နှင့် ရွှေမင်းရာဇာ(တောင်ကလေး)တို့ တွေ့ကြမည်။ လုံးချောလေးက ဝါရင့်လက်ဝှေ့ကျော် ကျန်စစ်အောင် (မြို့တော်စည်ပင်)ကို ကွာတားဖိုင်နယ်တွင် ၄မှတ်-၁မှတ်ဖြင့် အနိုင်ယူခဲ့ပြီး ဆီမီးဖိုင်နယ်တွင်လည်း ၄င်းထက် ဝါရင့်သော စောရန်ပိုင် (ဘီလပ်မြေစက်ရုံ)ကို တတိယအချီ၌ မျက်ခုံးကွဲအောင် တံတောင်ရိုက်၍ အနိုင်ယူလာခဲ့သူဖြစ်သည်။

### အလဲထိုးမည်

ဝိတ်တန်း ခုနစ်တန်းဗိုလ်လုပွဲများအပြင် စီစဉ်သူများက ပရိသတ်အတွက် မေတ္တာလက်ဆောင် စိန်ခေါ်ပွဲတစ်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယခုပွဲတွင်မှ ပထမဆုံးအကြိမ်ဆုံတွေ့ကြမည့် ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ရန်နိုင်အောင် (တောင်ကလေး)တို့၏ အထူးစိန်ခေါ်ပွဲကြီးဖြစ်သည်။ တောင်ကလေးကလပ်၏ ထိပ်သီးလက်ဝှေ့ကျော်များဖြစ်သော ဈာန်ထူး၊ ကြယ်လင်းအောင်တို့ကိုပင် သူတင်ကိုယ်တင် ယှဉ်နိုင်ခဲ့သည့် ရန်ကြီးအောင်ကို တောင်ကလေး၏ ငယ်မွေးခြံပေါက်လက်ဝှေ့သမား ရန်နိုင်အောင်က အသည်းကောင်း၍ ပွဲတောင်းစိန်ခေါ်လာသည့်အပြင် ယခင်လက်ဝှေ့ကျော်များ မကြုံးဝါးရဲခဲ့သည့် အလဲထိုးမည်ဟူသော ကြုံးဝါးချက်ကိုပင် ဖော်ထုတ်လိုက်သေးသည်။ ရန်နိုင်အောင်က သကြန်အမြောက်ပေလား၊ တကယ်အမှောက်ထိုးနိုင်သည့် ပွဲသိမ်းလက်သီး ပိုင်ရှင်လားဆိုသည်ကို ဩဂုတ် ၂၉ရက်တွင် မျက်ဝါးထင်ထင် ရှုမြင်ကြရပေတော့မည်။ ။

**(မြန်မာ့အလင်း)**

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(စနေနေ့-နံနက်+နေ့လယ်+ည)**
**၂၈-၈-၂၀၁၀**

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇:၀၅ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (ဓဇဂ္ဂသုတ်+ဂုဏ်တော်ကွန်ချာ)
၇:၃၀ ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ) တေးပဒေသာ
၈:၄၀ ဘဝအသွင်ကဗျာ့အမြင် (မေတ္တာနှလုံးသား) တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ ရင်ခုန်စီးဆင်း အနုပညာသတင်း(၅)
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်- သူ့ကျေးဇူး ကိုယ့်ကျေးဇူး)
၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (**အိုဘယ့်ရော**) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၄)
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့မဟာဂီတ)
၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ ရေဒီယိုအတိတ် တေးအရိပ်
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (သွေးလွန်တုပ်ကွေးကာကွယ်ပေး) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ Radio Internet (25)
၂၁:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

# မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

➤ အာကာကျော်-စုစည်းသည် ➤

## မက္ကဆီကိုတောင်ပိုင်း မုန်တိုင်းဝင်ရောက်

*မက္ကဆီကိုနိုင်ငံတောင်ပိုင်း၌ ဖရန့်အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပွားကာ လေးဦးသေဆုံးပြီး လူ ၂၅၀၀၀ခန့် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၆ရက်တွင်ပြောကြားသည်။*

## ပါကစ္စတန်မြို့သုံးမြို့ ရေဘေးစိုးရိမ်နေရ

*ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်တောင်ပိုင်း အိန္ဒုမြစ်ရေကြီးမှု ပိုမိုဆိုးရွားလာသဖြင့် မြို့သုံးမြို့ရေဘေးစိုးရိမ်နေရကြောင်း ဩဂုတ် ၂၆ရက်တွင် တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါမြို့များမှာ ဆူဂျာဝေါ၊ ဒါရိုနှင့် မီယာပူယာဘာတိုလိုမြို့များ ဖြစ်ကြောင်း၊ လူပေါင်း ၄၀၀၀၀၀ကျော်အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။* ***(အောက်ပုံ)***



## ဖိလစ်ပိုင်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

*ဖိလစ်ပိုင်နိုင်ငံ လာနာအိုဒယ်နော်တေးပြည်နယ်တောင်ပိုင်း၌ ဩဂုတ် ၂၆ရက် နံနက်ပိုင်းက ရဲယူနီဖောင်းဝတ်ဆင်ထားသည့် သေနတ်သမားများက ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ယာဉ်မောင်းအပါအဝင် လေးဦးသေဆုံးခဲ့ကြောင်းသိရသည်။*

## နိုင်ဂျီးရီးယား၌ ဝမ်းရောဂါဖြင့်သေဆုံးသူများလာ

*နိုင်ဂျီးရီးယားနိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားလျက်ရှိရာ သုံးလအတွင်း ၃၅၂ဦး သေဆုံးခဲ့ရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဩဂုတ် ၂၆ရက်တွင်ပြောကြားသည်။ အဆိုပါရောဂါမှာ နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်နယ် ၃၆ခုအနက် ၁၂ခုတွင် ဖြစ်ပွားလျက်ရှိပြီး လူပေါင်း ၆၄၀၀ ရောဂါကူးစက်ခံနေရကြောင်းသိရသည်။*

## ယူရေနီယံမှောင်ခိုသူသုံးဦးအား ဖမ်းဆီး

***မော်ဒိုဗာနိုင်ငံတွင် မှောင်ခိုဈေးကွက်သို့ ယူရေနီယံ နှစ်ကီလိုဂရမ်ရောင်းဝယ်ရန် ကြိုးပမ်းမှုဖြင့် ရဲအရာရှိနှစ်ဦးနှင့် အခြားတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲအဖွဲ့က ဩဂုတ် ၂၆ရက်တွင်ကြေညာသည်။***

## ချီလီတွင် မိုင်းလုပ်သားများ ကယ်ဆယ်ရေး လနှင့်ချီ၍ကြာနိုင်

*ချီလီနိုင်ငံတွင် မိုင်းတွင်းလုပ်သား ၃၃ဦး အလွန်နက်ရှိုင်းသောမြေအောက်၌ မြေပြိုကျပြီး ပိတ်မိလျက်ရှိရာ ၄င်းတို့အား လအတန်ကြာသည့်တိုင် ကယ်တင်နိုင်လိမ့်မည်မဟုတ်ကြောင်း ချီလီကျန်းမာရေးဝန်ကြီးက ဩဂုတ် ၂၆ရက်တွင်ပြောကြားသည်။*

*အဆိုပါမိုင်းလုပ်သားများသည် ဩဂုတ် ၅ရက်က မြေအောက်မီတာ ၇၀၀ အောက်တွင် ပိတ်မိနေခြင်းဖြစ်ပြီး အသက်ရှင်လျက်ရှိကြောင်း ဝန်ကြီးဂျိုင်းသီမာနာလင့်က ပြောကြားသည်။*

## အာဖဂန်ရဲအရာရှိရှစ်ဦး တိုက်ခိုက်ခံရပြီးသေဆုံး

***အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်ပြည်နယ်မြောက်ပိုင်း၌ ဩဂုတ် ၂၆ရက်က တာလီဘန်တို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရဲအရာရှိရှစ်ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။ တာလီဘန်တို့က မိုးမလင်းမီ ကွန်ဒုဇ်မြို့ စစ်ဆေးရေးစခန်းကို ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။***

*(အောက်ပုံ) (အင်တာနက်)*



ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

● *ကျောဖုံးမှ*

*သူဟာ စတန်းဖို့ဒ်တက္ကသိုလ်မှာ နှစ်နှစ် ကြာတက်ခဲ့ပြီး ကြေးစားဂေါက်သီးကစားသမားဘဝကိုတော့ ၁၉၉၆ခုနှစ်မှာ စကစားခဲ့ပါတယ်။ လက်ရှိသူဟာ အဓိက ဂရင်းဆလမ်ဖလားကြီး ၁၄လုံး ဆွတ်ခူးနိုင်ခဲ့ ပြီး PGA Tour ပြိုင်ပွဲ ၇၁ခုမှာလည်း ဖလားများ ဆွတ်ခူးနိုင်ခဲ့ပါတယ်။*

### ဝင်ငွေရ

*တိုက်ဂါးဝုဒ်ဟာ ၂၀၁၀ခုနှစ်ရဲ့ ဝင်ငွေအကောင်းဆုံး အားကစားသမားလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၀ခုနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၉၀ဒသမ ၅သန်းကို ဂေါက်သီးကစားခြင်းဖြင့် ဝင်ငွေရခဲ့ပါတယ်။ အသက်အငယ်ဆုံးနဲ့ ဂရင်းဆလမ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့ ဂေါက်သီးကစားသမားလည်းဖြစ်ပါတယ်။*

### သတ်မှတ်

*ကမ္ဘာကျော် တိုက်ဂါးဝုဒ်နဲ့ မော်ဒယ်လ်မလေး အယ်လင်နော်ဒီဂရင်းတို့ဟာ ၂၀၀၄ခုနှစ် အောက်တိုဘာလမှာ လက်ထပ်ခဲ့ကြပါတယ်။ တိုက်ဂါးဝုဒ်ကို ဖောဘတ်မဂ္ဂဇင်းက ၂၀၀၇ခုနှစ်ရဲ့ အချမ်းသာဆုံးအားကစားသမားအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီလိုချမ်းသာ ကြွယ်ဝလာတဲ့ ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်ဟာ ဇနီးဖြစ်သူ နော်ဒီဂရင်းရဲ့ နောက်ကွယ်မှာ မိန်းကလေးအတော်များများနဲ့ မြူးပွေခဲ့တယ်လို့ မီဒီယာတွေက ဆိုပါတယ်။*

### ခြိမ်းခြောက်

*တိုက်ဂါးဝုဒ်ဟာ ၂၀၀၉ခုနှစ် နိုဝင်ဘာလအတွင်းကပဲ ဖလော်ရီဒါပြည်နယ်ရှိ သူ့ရဲ့ နေအိမ်အပြင်ဘက်မှာ ယာဉ်မတော်တဆဖြစ်ခဲ့ပါတယ်။ ဒီလိုယာဉ်မတော်တဆဖြစ်ခဲ့ရတဲ့ နောက်ကွယ်မှာ ဆင့်ပွားအိမ်ထောင်ရေး အဆင်မပြေမှုတွေလည်း ရှိလာခဲ့ပါတယ်။ ၂၀၀၉ခုနှစ် ဒီဇင်ဘာလမှာတော့ ဂေါက်သီးကစားခြင်းကို ယာယီရပ်နားထားခဲ့ပါတယ်။ ဂေါက်သီးကစားခြင်းမှ ယာယီအနားယူပြီး ပြန်ကစားခဲ့သော်လည်း လက်ရည်ကျခဲ့တဲ့အတွက်ကြောင့် အဆိုးရွားဆုံး ရလဒ်တွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ သူ့ရဲ့ ကမ္ဘာ့နံပါတ်တစ်နေရာကို အခြားဂေါက်သီးကစားသမားတွေဖြစ်တဲ့ ဖီးလ်မိုက်ကယ်ဆန်နဲ့ လီဝက်စ်ဝုဒ်တို့က ရယူဖို့ အနီးကပ်ခြိမ်းခြောက်လာပါတယ်။*

### ယုံကြည်

*အသက် ၃၄နှစ်ရှိပြီဖြစ်တဲ့ တိုက်ဂါးဝုဒ်ဟာ ဩဂုတ် ၂၃ရက်က ဇနီးသည်ဖြစ်သူ နော်ဒီဂရင်းနဲ့ ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ပါတယ်။ "ကျွန်တော်တို့ရဲ့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ခြင်းဟာ ဒီနေ့ဒီအချိန်မှာ ပြီးဆုံးသွားခဲ့ပါပြီ။ တစ်ဦးနဲ့တစ်ဦး လမ်းခွဲလိုက်ခြင်းဟာ အကောင်းဆုံးအနာဂတ်ကို ဖန်တီး နိုင်မယ်လို့ ယုံကြည်ပါတယ်"လို့ နှစ်ဦးစလုံးက ပြောခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ဖလော်ရီဒါပြည်နယ်မှာရှိတဲ့ တရားရုံးတစ်ရုံးမှာ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြခြင်းဖြစ်ပါတယ်။*

### ကွာရှင်းပြတ်စဲ

*ကွာရှင်းပြတ်စဲလိုက်တဲ့အတွက် သုံးနှစ်အရွယ်သမီးလေးဆမ်နဲ့ ၁၉လသားချာလီတို့ဟာ အမိမဲ့သား ရေနည်းငါးပမာ မပျော်ရွှင်နိုင်ကြပါဘူး။ ဒါပေမယ့် ကလေးတွေကို သူတို့နှစ်ယောက် အတူစောင့်ရှောက်မယ်လို့ ဆိုကြပါတယ်။ ဘယ်လိုစောင့်ရှောက်မယ်ဆိုတာတော့ မသိပါဘူး။*

*ဇနီးဖြစ်သူနော်ဒီဂရင်းရဲ့ နစ်နာစရိတ်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။ သို့သော်လည်း မီဒီယာတွေက ဒေါ်လာသန်း ၁၀၀လောက် ရခဲ့တယ်လို့ ဆိုနေကြပါတယ်။*

*ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာကျော်တိုက်ဂါးဝုဒ်နဲ့ မော်ဒယ်လ်မလေး နော်ဒီဂရင်းတို့ရဲ့ ပျော်ရွှင်စရာမိသားစုလေးဟာ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေကြောင့် တစ်ယောက်တစ်နေရာစီ လမ်းခွဲခဲ့ရပြီဖြစ်ပါကြောင်း။ ။*

**ကိုးကား-အင်တာနက်**

# လူငယ်အိုလံပစ်အားကစားပြိုင်ပွဲ ရွှေတံဆိပ်အများဆုံး တရုတ်ဆွတ်ခူးထား

**စုစည်းရေးသားသူ - အာကာကျော်**

စင်ကာပူ ဩဂုတ် ၂၆

**၂၀၁၀ လူငယ်အိုလံပစ်အားကစားပြိုင်ပွဲများ စင်ကာပူနိုင်ငံ၌ ဩဂုတ် ၂၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ တရုတ်အားကစားသမားများက ရွှေတံဆိပ်အများဆုံး ဆွတ်ခူးထားသည်။**

တရုတ်လူငယ်အိုလံပစ် အားကစားသမားများသည် အဆိုပါ ပြိုင်ပွဲတွင် ဩဂုတ် ၂၅ရက်အထိ ရွှေတံဆိပ် ၂၈ခု၊



**မလေးရှား ကျွမ်းဘားမယ် လီဝမ်နင်၏ ပြိုင်ပွဲဝင်ဟန်။**

ငွေတံဆိပ် ၁၅ခုနှင့် ကြေးတံဆိပ်ငါးခု ဆွတ်ခူးထားသည်။

ရုရှားလူငယ်များက ယင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ခု ဆွတ်ခူးကာ ဒုတိယရွှေတံဆိပ် အများဆုံး ဆွတ်ခူးထားသည်။ ၎င်း ရုရှားလူငယ်များသည် ငွေတံဆိပ် ၂၄ခုနှင့် ကြေးတံဆိပ်ငါးခု ဆွတ်ခူးထားသည်။

တောင်ကိုရီးယား လူငယ်များက ယင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၀ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးထားသည်။

### စားပွဲတင်တင်းနစ်

အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်ပွဲတွင် တရုတ်မှ ဂူယူတင်းနှင့် စင်ကာပူလူငယ် အစ္စဘယ်လီတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် တရုတ် လူငယ်ဂူယူတင်းက စင်ကာပူလူငယ် အစ္စဘယ်လီအား အနိုင်ကစားပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### လက်ဝှေ့

အမျိုးသား လက်ဝှေ့ပြိုင်ပွဲ ၄၈ ကီလိုတန်းတွင် အိုင်ယာလန်မှ ရိုင်ယန်ဘာနက်နှင့် အဇာဘိုင်ဂျန်မှ ဆယ်မန်အလီဇီဒါတို့ ဖိုင်နယ်ပွဲအဖြစ် ဩဂုတ် ၂၆ရက်က အကြိတ်အနယ် ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ဘာနက်က အလီဇီဒါအား အနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူး နိုင်ခဲ့သည်။



**အမျိုးသမီး မြင်းစီးပြိုင်ပွဲတွင် ဆော်ဒီအာရေဗျမှ ဒယ်မာရပ်ရှ်ဒီပြိုင်ပွဲဝင် မြင်းစီးဟန် ။**

### အမျိုးသမီးမြင်းစီး

အမျိုးသမီး မြင်းစီးပြိုင်ပွဲတွင် ဥရုဂွေးမှ မာစီလိုချီရီကိုက ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းမြင်းစီးပြိုင်ပွဲတွင် ကိုလံဘီယာမှ မာရီယို ဂမ်ဘိုယာက ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ကြေးတံဆိပ်ကို ဆော်ဒီအာရေဗျမှ အသက် ၁၈နှစ်ရှိ ဒယ်မာရပ်ရှ်ဒီက ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသား ၄၈ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် အိုင်ယာလန်မှ ဘားနက်နှင့် အဇာဘိုင်ဂျန်မှ အလီဒါတို့ ဤသို့အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။**

၂၀၁၀ လူငယ် အိုလံပစ်အားကစား ပြိုင်ပွဲများကို ဩဂုတ် ၂၆ရက်အထိ ဆက်လက်ယှဉ်ပြိုင် ကစားလျက်ရှိရာ လက်ရှိအနေအထားအရ တရုတ်လူငယ် အားကစားသမားများက ရွှေတံဆိပ် အများဆုံးဖြင့် ဆက်လက်ဦးဆောင် လျက်ရှိပါကြောင်း....။ ။

**ကိုးကား-အင်တာနက်**



**တရုတ်အမျိုးသမီး စားပွဲတင်တင်းနစ်မယ် ဂူယူတင်း၏ ယှဉ်ပြိုင်ကစားဟန်ကလည်း ဤသို့ ....။**



# မူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနား ကော့ကရိတ်မြို့နယ်၌ ကျင်းပ

**ကော့ကရိတ် ဩဂုတ် ၂၆**

ကော့ကရိတ်မြို့နယ် ပြပတိုင်ကျေးရွာအုပ်စု လန်းခိုဘိုင်း အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ရက်က ကျင်းပရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ကျော်၊ ယာယီမြို့နယ်ပညာရေးမှူး ဦးစောရွှေကြည်၊ ပြပတိုင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမန်းညွန့်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျောင်းခွဲနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်မှုများဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၆

**မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့၌ ဩဂုတ် ၂၄ရက်နှင့် ၂၅ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးဒုက္ခသည်များအား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း သိရှိရသည်။**

### ဝမ်းတွင်းမြို့နယ်

ဝမ်းတွင်းမြို့နယ်၌ ဩဂုတ် ၂၅ရက် နံနက် ၁နာရီခွဲမှ ၈နာရီခွဲခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဝမ်းတွင်းမြို့ (၁)ရပ်ကွက်၊ သဲတော(၁)ရပ်ကွက်နှင့် လိန်ပင်၊ စိန်ပန်းပင်၊ ရေဆုံး၊ ညောင်ပင်သာ၊ မြေတိုင်ကန်၊ ခင်ကြီးနှင့် နဘဲကန်ကျေးရွာတို့ရှိ လူနေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ ကားလမ်း၊ ရထားလမ်းနေရာအချို့၌ ရေကျော်ခြင်း၊ လမ်းမြေသားအချို့ ရေတိုက်စားခံရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးဒုက္ခသည်များအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

### မလှိုင်မြို့နယ်

ထို့အတူ မလှိုင်မြို့နယ်၌ ဩဂုတ် ၂၅ရက် နံနက် ၁နာရီမှ ၄နာရီခွဲခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နှောကန်ကျေးရွာ၊ သုံးတောင်ကျေးရွာနှင့် သမန်းတန်းကျေးရွာတို့၌ ရေလေးပေခွဲခန့်အထိ ဝင်ရောက်ခဲ့သဖြင့် နေအိမ်အချို့ ပြိုကျပျက်စီးပြီးကျွဲ၊ နွားတိရစ္ဆာန်အချို့ ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ လူသေဆုံးမှု မရှိကြောင်း သိရသည်။

### နွားထိုးကြီးမြို့နယ်

ထို့အပြင် နွားထိုးကြီးမြို့နယ်၌ ဩဂုတ် ၂၄ရက် ည ၁၀နာရီခွဲခန့်မှ ၂၅ရက် နံနက် ၁နာရီခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဒေါင့်ဘိုကျေးရွာအုပ်စု ငါ့စည်ကျေးရွာ၌ ရေများဝင်ရောက်ခဲ့သဖြင့် ကျေးရွာအပြင်ဘက်၌ နေထိုင်သူ မိသားစုမှ ငါးနှစ်အရွယ် ကလေးသူငယ်တစ်ဦး ရေနစ်သေဆုံးခဲ့ပြီး ကျွဲ၊ နွားတိရစ္ဆာန်အချို့ ဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်းနှင့် ရေဘေးဒုက္ခသည်များအား ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ချို့ယွင်းပျက်စီးသွားသည့် လမ်းနေရာများကို အမြန်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးဝေယံအောင်သည် ဩဂုတ် ၁၈ရက်က ကစားဖော်များဖြစ်သော ဒေါက်တာမောင်လှ၊ ဦးဇော်ထွန်း၊ ဦးကျော်ဝင်း၊ ဦးထွန်းထွန်းလင်း (Poe Poe Video Production)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၅)၌ ၁၅၈ကိုက်အကွာမှ Titleist Pro V.1 No.1 ဘောလုံးကို Srixon ZR.800 Iron (9) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

### စတင်တည်ထောင်

ရန်ကုန်ဂေါက်အသင်းမှာ ၁၉၀၉ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ကျင်းအမှတ် ၄၊ ၈၊ ၁၁နှင့် ၁၅ လေးကျင်းစလုံး Hole In One ရခဲ့သူမှာ ဦးဝေယံအောင်တစ်ဦးတည်းသာဖြစ်သည်။

**(မြန်မာ့အလင်း)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



ဩဂုတ် ၂၂ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့သော လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာရှိ နမ့်ကျန်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်း - စာမျက်နှာ-၃) (သတင်းစဉ်)

### မြန်မာ့အလင်း နိုင်ငံတကာသတင်းအညွှန်း



'လူငယ်အိုလံပစ်အားကစားပြိုင်ပွဲ ရွှေတံဆိပ်အများဆုံး တရုတ်ဆွတ်ခူးထား' (စာ-၁၂)



'မက္ကဆီကိုအလှမယ် နာဗာရီတေး မယ်စကြဝဠာဘွဲ့ဆွတ်ခူး' (စာ-၄)

## ကမ္ဘာကျော်တိုက်ဂါးဝုဒ်ရဲ့ လူမှုဘဝ

➢ မြင့်မောင်စိုး - ရေးသားသည် ➣



*လန်ဒန် ဩဂုတ် ၂၆*

*တိုက်ဂါးဝုဒ်ဆိုတာ ကမ္ဘာကျော် ဂေါက်သီးကစားသမားတစ်ဦးပါ။ သူဟာ ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားနေရာကို ငါးနှစ်ကြာအောင် ဆက်ထိန်းထားနိုင်ခဲ့တဲ့ ဂေါက်သီးကစားသမား ဖြစ်ပါတယ်။ လက်ရှိမှာလည်း သူဟာ ကမ္ဘာ့နံပါတ် တစ်နေရာမှာ ရှိနေပါသေးတယ်။*

*သူ့ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆိုက်ပရပ်စ်မှာ ၁၉၇၅ ခုနှစ် ဒီဇင်ဘာ ၃၀ရက်မှာ မွေးဖွားခဲ့ပါတယ်။*

စာမျက်နှာ ၁၂ ကော်လံ ၁ ●